ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (28-8-2006) (၅၀၆၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ပုဂ္ဂလိကကျွန်းစိုက်ခင်းနှင့် ရော်ဘာစိုက်ခင်းများ စစ်ဆေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မြစ်ကြီးနားမြို့ ရှဒေါင့်ကျေးရွာတွင် ခင်းကျင်းပြသထားသော ရော်ဘာမျိုးစေ့နှင့် ခရမ့်ရော်ဘာ ကြိတ်ပြားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက မြစ်ကြီးနားလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနား လေတပ်စခန်း ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက အပင်များ **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

ကြေးမုံ အင်တာနက်သတင်း

အလေးချိန် ၁၂၅ တန်ရှိ ဟာရိဘုရင်ရုပ်တုကြီး ကိုင်ရိုရင်ပြင်မှ မဟာပြတိုက်သစ်နေရာသို့ ရွှေ့ပြောင်း

ကိုင်ရို ဩဂုတ် ၂၇

ရှေးဟောင်း အီဂျစ်ဖာရိုဘုရင် ဒုတိယမြောက် ရမ်ဆေးစရာမ ရုပ်တုကြီးကို ကိုင်ရိုရင်ပြင်မှ အီဂျစ်မဟာပြတိုက်သစ် နေရာသို့ ဩဂုတ် ၂၅ ရက်တွင် ရွှေ့ပြောင်းလိုက်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

အလေးချိန် ၁၂၅ တန်ရှိ ရမ်ဆေးဘုရင်ရုပ်တုကြီးကို နှမ်းဖတ်ကျောက်ဖြင့် ထုလုပ်ထားပြီး ကိုင်ရိုမြို့ရှိ ရမ်ဆေးရင်ပြင်တွင် နှစ်ပေါင်း ၅၀ ကျော် ထားရှိခဲ့သည်။

ရေထုလေထုညစ်ညမ်းမှုအန္တရာယ်မှ ရုပ်တုကြီးကို ကာကွယ်နိုင်ရန်အတွက် မဟာပိရမစ်များ တည်ရှိရာအရပ်အနီးရှိ မဟာပြတိုက်သစ်တည်နေရာသို့ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ●

ရမ်ဆေးဘုရင်ရုပ်တုကြီးအား ရွှေ့ပြောင်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယနေ့ မိုးလေဝသ

(၂၈-၈-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၈–၈–၂၀၀၆
(တနင်္လာနေ့)

သီးနှံအထွက်တိုးရေး အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က ရေ၊ မြေ ရာသီဥတုနှင့် သဘာဝအခြေအနေအရ ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များ၊ ရေသွယ် ရေပေးတူးမြောင်းများကို ဒေသလိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်း သီးနှံစိုက်ပျိုးမြေဧရိယာများ တိုးတက်များပြားလာလျက်ရှိသည်။

ယခုအခါ ဆည်တမံ၊ ရေထိန်းတံခါးများ တည်ဆောက်၍ စိုက်ပျိုးရေ ပေးဝေနိုင်မှု၏ အကျိုးရလဒ်အဖြစ် ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာဧက ခုနစ်သန်းကျော် ရှိနေပြီဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားများ၏ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးတို့အတွက် အားပေးကူညီလျက်ရှိသည်။ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်း သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန် သုတေသနပြု ဖော်ထုတ်ပေးနေပြီဖြစ်သည်။

စိုက်ပျိုးရေးသုတေသနက ဖော်ထုတ်လိုက်သည့် စပါးမျိုးသစ်များ၊ ပြည်နယ်နှင့်တိုင်းများက ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် စပါးမျိုးသစ်များ အသုံးပြုစိုက်ပျိုးလာမှုတို့ကြောင့် တစ်ဧက အထွက်နှုန်း တိုးတက်လျက်ရှိသည်။ စပါးသီးနှံအနေဖြင့် ၁၉၈၈–၈၉ ခုနှစ်က တစ်နိုင်ငံလုံး၌ တစ်ဧက ပျမ်းမျှ ၅၆ တင်းကျော်သာ ထွက်ရှိခဲ့ရာမှ ယခုအခါ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနေပြီဖြစ်သည်။

တောင်သူလယ်သမားများက တစ်ဧက တင်းတစ်ရာကျော် ထွက်ရှိသည့် ဆင်းသွယ်လတ်စပါးမျိုး အပါအဝင် အထွက်ကောင်းမျိုးများ အသုံးပြုစိုက်ပျိုးလျက်ရှိကြရာ မိုးစပါးစိုက်ဧက ၁၅ သန်းတွင် ၆၁ ရာခိုင်နှုန်းမှာ မျိုးပြောင်းလဲ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

သီးနှံမျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ပြောင်းလဲပြီး တစ်ဧက အပင်အရေအတွက် ပြည့်မီစွာ စိုက်ပျိုးလာခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း တိုးတက်လာလျက်ရှိရာ ၂၀၀၅–၂၀၀၆ ခုနှစ်က တစ်နိုင်ငံလုံး၌ စပါးတင်း သန်းပေါင်း ၁၂၀၀ ကျော် ထွက်ရှိခဲ့သည်။

နိုင်ငံတော်က တောင်သူလယ်သမားများ ဝင်ငွေတိုး အကျိုးရှိစေရေးရှေးရှု၍ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ပေးလျက်ရှိသည်နှင့်အညီ တောင်သူလယ်သမားများကလည်း အထွက်ကောင်းသီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးလာကြခြင်းဖြင့် သီးနှံထုတ်လုပ်မှုတိုး၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားရေး အခြေအနေများ ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ချ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသည့် သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဩဂုတ် ၂၀ရက်က မြောက်ဥက္ကလာပ(ချ)ရပ်ကွက် ဇရာ ၁လမ်းနေ မိဘများဖြစ်ကြသည့် ဦးလှဌေးဝင်း–ဒေါ်ခင်အေးကြည်တို့က ဗိုလ်ကြီးသက်ပိုင်ဦး(ခ)သူရစိုးအားရည်စူး၍ နာယက ဆရာတော်ကြီးများ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်တင့် လက်ခံယူစဉ်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လားရှိုးမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိသဘာဝရေပြင်များတွင် ပိုက်လှောင်စနစ်ဖြင့် မွေးမြူလျက်ရှိသော ငါးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် လားရှိုးမြို့ရှိ လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊စိန်ဝတ်မှုံကုမ္ပဏီ လီမိတက်၏ ရော်ဘာစိုက်ပျိုးမည့် ဧက ၂၀၀၀ စီမံကိန်းသို့ရောက်ရှိပြီး ရော်ဘာပျိုးခင်းများ၊ မြေပေါင်ဖြင့် စိုက်ပျိုးထားသော ရော်ဘာပင်များကို အားပေးကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် လားရှိုးမြို့ရှိ ကိုးကန့်တိုင်းရင်းသားများ ယဉ်ကျေးမှုအဖွဲ့ တန် ၁၀၀ တိရစ္ဆာန် အစာစပ်စက်ရုံကို အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်စွက် ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဇီးပင်ကြီးရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ် ကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံမန်နေဂျာ ဦးဌေးဇော်ဦး ရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီးက ခြံသန့်ရှင်းသပ်ရပ်စေရေးနှင့် အဏုဇီဝလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် နတ်ရေကန်ရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အထက်မြန်မာပြည် လုပ်ငန်းခွဲရုံး အစာစပ်စက်ရုံသို့ ရောက်ရှိပြီး ဒုတိယအထွေထွေ မန်နေဂျာ ဦးမျိုးသက်ရွှေ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက အရည်အသွေးကောင်းမွန်သည့် တိရစ္ဆာန်အစားအစာများကို ယခုထက် ပိုမိုထုတ်လုပ်ဆောင်ရွက်သွားရန် မှာကြားပြီး အစာစပ်စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းညွှန့်အောင်၏ ဝင်းမေတ္တာဖရီရှန် နို့စားနွားမွေးမြူရေးခြံကို အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း ရမည်းသင်းမြို့ ရွာစုကုန်းတွင် ရွာစုကုန်း၊ အလယ်ကုန်းတို့မှ ဒေသခံတောင်သူကြီးများနှင့် တွေ့ဆုံကာ မွေးမြူရေးဇုန် တည်ဆောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရမည်းသင်းမြို့ ရွာစုကုန်းတွင် ရွာစုကုန်း၊ အလယ်ကုန်းတို့မှ ဒေသခံတောင်သူကြီးများနှင့် တွေ့ဆုံ၍ မွေးမြူရေးဇုန် တည်ဆောက်မည့် အစီအစဉ်များကို ဆွေးနွေးကြစဉ်။ (မွေး/ရေ)

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၆ ရက်ညနေ ၆ နာရီတွင် အင်းစိန်မြို့ ပင်မယန္တရား(တောင်)ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဝါသနာရှင်သက်စုလှိုင်နှင့် နောင်နောင်စိုးတို့က မင်းသမီး၊ မင်းသားအကများဖြင့် လည်းကောင်း၊ တေးသံရှင် ယဉ်ယဉ်ထွန်းက "မြနန္ဒာ" သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက လှိုင်သာယာမြို့နယ်အား တံခွန်စိုက်ဆုကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်ထံ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တွင် တံခွန်စိုက်ဆုရရှိသော လှိုင်သာယာမြို့နယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✻ ကာကွယ်ရေးဝန်ကြီးဌာနမှ

ရှင်သန်ဖြစ်ထွန်းမှုနှင့် အသီးသီးရန်အပွင့်များ စတင်ပွင့်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက စိုက်ဧက ၁၀၀ အတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့ပင်နှင့် ပျိုးကိုင်းများ အပင် ၁၂၀၀၀၀ စိုက်ပျိုးပြီးစီးမှု၊ ဘီပီအင်–၂၄ အမျိုးအစား ရော်ဘာဧက ၃၀၊ အပင် ၆၀၀၀ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မြေဩဇာအသုံးပြု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရာတွင် စိုက်ပျိုးသည့် အချိန်ကာလ၊ မျိုးစေ့ပင်နှင့် ပျိုးကိုင်းပင်တို့၏ ရှင်သန်ဖွံ့ဖြိုးမှုနှင့် စံကွက်ထား၍ အသီးဖြစ်ထွန်းထွက်ရှိမှုကို မှတ်တမ်းတင် ဆောင်ရွက်ရန်နှင့် ရော်ဘာပင်များရှင်သန်ဖွံ့ဖြိုးအောင် လိုအပ်သည့် မြေဩဇာများ အသုံးပြုစိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်း လျက်ရှိသည့် ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ ပေါင်းသင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပုဂ္ဂလိကကျွန်းစိုက်ခင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် လွဲခေါ်ကျေးရွာအနီးရှိ ဦးကရိုင်လဆန်နှင့် ဦးရှုဒေါင်ဘရန်နူးတို့၏ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၁၅၀၀ သို့ ရောက်ရှိကြရာ စိုက်ခင်းရှင်းလင်းဆောင်၌ ခြံပိုင်ရှင် ဦးကရိုင်လဆန်က ခြံဧရိယာနှင့် မြေအသုံးပြုမှု၊ စိုက်ပျိုးထားသည့် အပင်အမျိုးအစားနှင့် အရေအတွက်၊ ကျွန်းပင်များ ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ သစ်တောဦးစီးဌာန သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်း ညွှန်ကြားရေးမှူး ဦးဇော်ဝိတ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားပြီး စိုက်ခင်းများအတွင်း ကျွန်းပင်ပေါက်လေးသိန်း ပျိုးထောင်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပျဉ်းကတိုးပင်ဧက ၃၀ စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း၊ ဧက ၄၂၀ အတွင်း ကျွန်းပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးပြီးစီးမှု

အဆိုပါ ပုဂ္ဂလိကကျွန်းစိုက်ခင်းဧက ၁၅၀၀ တွင် ကျွန်းစိုက်ခင်းဧက ၄၂၀ ၌ အပင် ၂၅၂၀၀၀၊ ပျဉ်းကတိုးစိုက်ခင်းဧက ၃၀ ၌ အပင် ၁၈၀၀၀ အပါအဝင် စုစုပေါင်းစိုက်ဧက ၄၅၀ ၌ အပင်ပေါင်း ၂၇၀၀၀၀ ကို စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် ကျွန်းစိုက်ဧက ၅၀၀ ထပ်မံတိုးချဲ့ စိုက်ပျိုးရန်အတွက် ပျိုးပင်လေးသိန်းကိုလည်း ပျိုးထောင်စိုက်ပျိုးထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ၁၉၉၅ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည့် ဧက ၁၅၀၀ အောင်မြေရော်ဘာခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးချစ်ရွှေနှင့် ခြံလုပ်ငန်းရှင် ဦးကျော်မြင့်တို့က ရော်ဘာစိုက်ပျိုးမည့် ဧက ၁၅၀၀ တွင် ၆၃၅ ဧက စိုက်ပျိုးပြီးစီးမှု၊စိုက်ပျိုးထားသည့် ပျိုးပင်အမျိုးအစားနှင့် ရော်ဘာထုတ်လုပ်ရောင်းချမှု၊ ရော်ဘာအထွက်နှုန်းတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ရှင်းလင်းဆောင်အနီး ခင်းကျင်းပြသထားသည့် RRIM-600၊ RRIM-623 နှင့် GT-1 အမျိုးအစား ရော်ဘာမျိုးစေ့များနှင့် ခရမ့်(Crumb) ရော်ဘာကြိတ်ပြားများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျေးရွာရှိ ရော်ဘာစိုက်ပျိုးရေးခြံလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကိုရွေးချယ်၍ စနစ်တကျ စိုက်ပျိုးကြရန်နှင့် မိမိအတွက်လည်းအကျိုးရှိ၊ ဒေသအတွက်လည်း အကျိုးပြုမည့် ရော်ဘာပင်များကို ယခုထက် ပိုမိုတိုးမြှင့်စိုက်ပျိုးကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး ရော်ဘာပင်မှ ရော်ဘာစေးထုတ်ယူမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အောင်မြေရော်ဘာခြံ၏ ရော်ဘာပင်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခြံလုပ်ငန်းရှင် ဦးကျော်မြင့်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ အောင်မြေရော်ဘာခြံ၏ စိုက်ပျိုးပြီးဧက ၆၃၅ ဧကရှိ အပင်ပေါင်း ၂၂၀၀၀ မှ ရော်ဘာစေးများ ထုတ်ယူလျက်ရှိရာ ရော်ဘာအထွက်နှုန်းမှာ တစ်ဧကလျှင် ပေါင် ၈၀၀ နှုန်းခန့် ထွက်ရှိကြောင်းနှင့် စိုက်ပျိုးရန် ကျန်မြေများကို သတ်မှတ်ချိန်အမီ အပြည့်အဝစိုက်ပျိုးနိုင်ရန် ပျိုးပင်များ ပျိုးထောင်ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဓမ္မာရုံ၌ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၂၇

ရောဝတီတိုင်းဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်း(ရန်ကုန်)တို့ စုပေါင်း၍ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံ၌ကျင်းပရာ ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အမှူးပြုသော ဆရာတော်ကြီးကိုးပါးအား အဖွဲ့ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးဝင်း(ငြိမ်း)၊ အတွင်းရေးမှူး သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် မြို့နယ်အသင်း ကိုယ်စားလှယ်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မိဘများဖြစ်ကြသော (ဦးယုံ–ဒေါ်တင်မြ)အား ရည်စူး၍ သမီးကြီး ဒေါ်ယဉ်ကြည်၊ ပါမောက္ခဒေါက်တာ ဦးအေးသောင်း–ဒေါ်ခင်မာဝေ မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး အသင်းဝင် အဆိုပြုလွှာများလက်ခံ၊ နယ်မြေဖွံ့ဖြိုးရေး အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်တို့သည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ်၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်၍ အမှာစကားအသီးသီးပြောကြားပြီး ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အသင်းသားတစ်ဦးက အသင်းဝင်အဆိုပြုလွှာ ၉၃၅စောင်ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ကလက်ခံပြီး အသင်း၏ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌတို့သည် ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျေးရွာတာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။ ဗဟိုအလုပ်အမှုဆောင်က ကျေးလက်မီးလင်းရေးအတွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ကျေးရွာစာကြည့်တိုက်၌ အသုံးပြုရန်အတွက် စာအုပ်၊ စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ပြည်တက္ကသိုလ်သို့သွားရောက်၍ ကျောင်းခန်းမဆောင်၌ ကျင်းပသော အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ်ဦးမြဝင်းက အသင်းဝင်အဆိုပြုလွှာ ၅၃၁ စောင်ကိုပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူပြီး ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဆေးသိပ္ပံဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ သွားရောက်ပြီး အသင်းဝင်အဆိုပြုလွှာ ၁၇၆ စောင်ကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မို့မို့ဦးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်၍ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်းဆိုင်ရာကိစ္စများ မှာကြား ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာ စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် စာအုပ်၊ စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(စွမ်းအင်)

● အလေးချိန် ၁၂၅ တန်မှ

ရွှေ့ပြောင်းခြင်းဖြစ်သည်။ မဟာပြတိုက်သစ်ကို မကြာမီ စတင်တည်ဆောက်တော့မည်ဖြစ်သည်။ ရမ်ဆေးဘုရင် ရုပ်တုကြီးသည် ၁၉၅၅ ခုနှစ်မှစ၍ ကိုင်ရိုရင်ပြင်တွင် ရှိနေခဲ့သည်။ ရှေးဟောင်းအီဂျစ်မြို့တော် မမ်းဖစ်မြို့ရှိ ပီတာဘုရားကျောင်းတွင် ကနဦးတည်ရှိခဲ့သော ယင်းရုပ်တုကြီးကို ကိုင်ရိုရင်ပြင်တွင် နှစ်ပေါင်း ၅၀ ကျော်ထားရှိခဲ့သည်။

ရမ်ဆေးဘုရင်ရုပ်တုကြီး ရွှေ့ပြောင်းမှုကို ၁၀ နာရီကြာ ဆောင်ရွက်ခဲ့ရသည်။ ရမ်ဆေးဘုရင်ရုပ်တုကြီး ရွှေ့ပြောင်းသည့်လုပ်ငန်းကို ဂျာမန်ပညာရှင်များ၏ အကူအညီကိုရယူကာ အီဂျစ်–အာရပ် ကန်ထရိုက်လုပ်ငန်းများကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သည်။ **အင်တာနက်**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် မန္တလေးမြို့ ဆိုင်းတန်းရပ်၊ ၂၆–ဘီ လမ်း၊ ၈၇ လမ်းထောင့်နေ ဒေါ်သောင်းကြည် (ရတနာပုံထီဆိုင်)က ငွေကျပ် ၁၀၀၀၀၀ကို ဥက္ကဋ္ဌ ဦးရိုန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်၊ လူသစ် ဘဝသစ်

လက်ဘနွန်စစ်ဘေးဒုက္ခသည်များ နေအိမ်သို့ ပြန် အိုးမဲ့အိမ်မဲ့ ဆက်လက်နေထိုင်ရဦးမည်

ဘေရွတ် ဩဂုတ် ၂၆

စစ်မက်ဖြစ်ပွားမှုကြောင့် နေရာအတည်တကျမရှိဖြစ်ခဲ့ရသူ လက်ဘနွန်နိုင်ငံသား အများစုသည် ၎င်းတို့၏ ကျေးရွာများဆီသို့ ပြန်သွားနေကြပြီဖြစ်ကြောင်း၊ သို့ရာတွင် အများစု၏ အိုးအိမ်များပျက်စီးပြီး မပေါက်ကွဲသေးသည့် ဗုံးများရှိနေမှုကြောင့် အိုးမဲ့အိမ်မဲ့အခြေအနေဖြင့် ဆက်လက်နေထိုင်ရဦးမည်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာ)က ပြောကြားသည်။

ထိခိုက်

စစ်မက်ဖြစ်ပွားသဖြင့် သီးနှံများ ရိတ်သိမ်းမှုတွင် ထိခိုက်ခဲ့ရသည့် အတွက်ကြောင့် စားနပ်ရိက္ခာအကျပ်အတည်းသည် ဆောင်းရာသီရောက်သည်အထိ ဖြစ်ပွားနိုင်သည်ဟု ယူအင်အိပ်ချ်စီအာက ကြာသပတေးနေ့က သတိပေးသည်။

ပြန်သွား

ဩဂုတ် ၁၄ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့သည်။ ထိုရက်မတိုင်မီက ဖြစ်ပွားသော အစ္စရေး တပ်ဖွဲ့ဝင်များနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားများ တိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း ထွက်ပြေးခဲ့ကြသည့် စစ်ဘေးဒုက္ခသည် ၉၀၀၀၀၀ ခန့်အနက်မှ ၉၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ မြို့ရွာများဆီသို့ ပြန်သွားနေကြပြီဟု လက်ဘနွန်အစိုးရက ပြောကြားသည်။

ပျက်စီး

လက်ဘနွန်တောင်ပိုင်း၌ အများဆုံး ထိခိုက်ခဲ့ရသည့် နေရာများရှိ အိုးအိမ်အများစုမှာ နေထိုင်၍ မရတော့လောက်အောင် ပျက်စီးနေကြောင်း တွေ့ရှိရသည်ဟု ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

၆၀ မှ ၇၀ ရာခိုင်နှုန်းသော ဒုက္ခသည်များသာ ၎င်းတို့၏ အိုးအိမ်များဆီသို့ အမှန်တကယ် ရောက်ရှိကြောင်း၊ ကျန်ဒုက္ခသည်များမှာ အခြားမိသားစု၏ နေရာများတွင် နေထိုင်ရကြသည်ဟု ယင်းအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ရင်းမ်အယ်လ်ဆာလင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လက်ဘနွန်နိုင်ငံတွင် အိုးမဲ့အိမ်မဲ့ဖြစ်နေသော မိသားစုတစ်စုကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မှ တရုတ်သို့ တင်ပို့သော နို့မှုန့်များ နိုက်ထရိတ်ဓာတ်ပါဝင်မှုနှုန်းများ၍ ပြန်ပို့ရန်ဆုံးဖြတ်

ပေကျင်း ဩဂုတ် ၂၆

အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သော နို့မှုန့်များတွင် နိုက်ထရိတ်ဓာတ်များ သတ်မှတ်ချက်ထက် ပိုမိုပါရှိသည်ကို တွေ့ရှိရသဖြင့် မူရင်းနိုင်ငံသို့ ပြန်ပို့ရန် တရုတ်နိုင်ငံ သွင်းကုန်ထုတ်ကုန် စစ်ဆေးရေးဗျူရိုက သောကြာနေ့က ဆုံးဖြတ်လိုက်သည်။

ထိုနို့မှုန့်များကို တရုတ်ကုမ္ပဏီတစ်ခုက ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း သုံးကြိမ်ခွဲ၍ တင်သွင်းခဲ့ခြင်းဖြစ်သည်။ နို့မှုန့်များ သွင်းယူလာသော ကုမ္ပဏီ၏အမည်နှင့် နို့မှုန့်များပေးပို့သော အမေရိကန်ကုမ္ပဏီတို့၏ အမည်များကို သွင်းကုန် ထုတ်ကုန် စစ်ဆေးရေးဗျူရိုက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ သို့ရာတွင် ထိုနို့မှုန့်များကို ချောကလက်ပြုလုပ်သော လုပ်ငန်းတွင် အသုံးပြုရန်အတွက် တရုတ်ပြည်တွင်းသို့ တင်သွင်းလာခြင်းဖြစ်ကြောင်းသာ ဖော်ပြခဲ့သည်။

တင်သွင်းလာသော အမေရိကန်လုပ်နို့မှုန့်များကို နမူနာရယူစစ်ဆေးကြည့်ရာ ပထမအသုတ် နို့မှုန့်များ၌ နို့မှုန့်တစ်ကီလိုလျှင် နိုက်ထရိတ်ဓာတ် ၂ ဒသမ ၈ မီလီဂရမ်ပါဝင်သည်ကို စစ်ဆေးတွေ့ရှိရသည်။ ဒုတိယအသုတ် နို့မှုန့်တွင် နိုက်ထရိတ်ဓာတ် ၄ ဒသမ ၄ မီလီဂရမ် ပါဝင်ပြီး တတိယအသုတ်တွင် နိုက်ထရိတ်ဓာတ် ၂ ဒသမ ၇ မီလီဂရမ် ပါဝင်သည်။ ခွင့်ပြုထားသောနိုက်ထရိတ်ဓာတ်ပါဝင်မှုမှာ နို့မှုန့် တစ်ကီလိုလျှင် နှစ်မီလီဂရမ်သာရှိရမည်ဖြစ်သည်။

နိုက်ထရိတ်ဓာတ်များကို အရှည်သဖြင့် စွဲ၍စားသုံးလျှင် ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း ဆေးပညာရှင်များက တွေ့ရှိထားပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်ဆိပ်ကမ်းမြို့ရှိ နာမည်ကျော် ရေသူမရုပ်တုအနီးတွင် ကမ္ဘာလှည့်ခရီးသည်များ အမှတ်တရဓာတ်ပုံရိုက်နေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာအလယ်ပိုင်း၌ ကိုကင်းဓာတ်ခွဲခန်းကြီး တွေ့ရှိ

ဘိုဂိုတာ ဩဂုတ် ၂၆

ကိုလံဘီယာရဲတပ်ဖွဲ့သည် ဩဂုတ် ၂၄ ရက်က ကိုကင်းချက်လုပ်သော ဓာတ်ခွဲခန်းကြီးကို တွေ့ရှိခဲ့ကြောင်း၊ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး ကီလို ၃၈၀ ကို ဖျက်ဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တွေ့ရှိခဲ့သော ဓာတ်ခွဲခန်းသည် တဂူဂျီလိုရွာအနီး၌ရှိပြီး ခုနစ်ထပ်အဆောက်အအုံဖြစ်သည်။ ယင်းမှာ ဝပ်ဘာဇာရီလာဆိုသူ ပိုင်ဆိုင်သော ဆော့လ်အမည်ရှိ အဆောက်အအုံဖြစ်သည်။

ရဲတပ်ဖွဲ့က ရဟတ်ယာဉ်ဖြင့် ကင်းလှည့်စဉ် ယင်းအဆောက်အအုံကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအဆောက်အအုံသည် ချုံနွယ်များဖုံးအုပ်နေကြောင်း၊ ဓာတ်ခွဲခန်းတွင် လူ ၃၀ နှင့် လုပ်ကိုင်နေပြီး ကိုကင်းတန်ချိန် လေးတန်ကို ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ ရဲတပ်ဖွဲ့ ကင်းလှည့်လာသည်ကိုကြားပြီးနောက် ဓာတ်ခွဲခန်း ဝန်ထမ်းများ ထွက်ပြေးသွားကြကြောင်း မူးယစ်နှိမ်နင်းရေးတာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မြို့တော်ခန်းမအတွင်း အနကြမ်းစီးရန် ကြိုးပမ်းသူဖမ်းမိ

ဗီယင်နာ ဩဂုတ် ၂၆

ဩစတြီးယားနိုင်ငံတွင် လူတစ်ဦးသည် ၎င်းနေထိုင်ရာ ဒေသရှိ မြို့တော်ခန်းမကို ဘဏ်ဟု ထင်မှတ်မှားကာ အနကြမ်းစီးရန် ကြိုးစားခဲ့ကြောင်း၊ ၎င်းကိုစားပြုမှုဖြင့် ဖမ်းဆီးထားကြောင်း ဩစတြီးယားရဲတပ်ဖွဲ့က ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

မျက်နှာဖုံးစွပ်ကာ ကလေးကစားစရာ သေနတ် ကိုင်ဆောင်ထားသော အလုပ်လက်မဲ့ တစ်ဦးသည် မြို့တော်ခန်းမထဲ ဝင်လာပြီး လက်များမြှောက်ထားရန် ခြိမ်းခြောက်ခဲ့သည်။ ထို့နောက်တွင် ရဲ၏ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ယင်းခန်းမသည် ဩစတြီးယားနိုင်ငံ တောင်ပိုင်း ပိုဂါစ်ဒေါ့ရွာတွင် တည်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ဆန်ဒီယေဂို တိရစ္ဆာန်ရုံအတွင်းမွေးမြူထားသော ရေမြင်းသားအမိကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားတွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်၊ ၁၃ ဦး သေဆုံး

ဖနောင်ပင် ဩဂုတ် ၂၆

ကမ္ဘောဒီးယားနိုင်ငံ၌ ပြီးခဲ့သည့်ရက်သတ္တပတ်က လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၃ ဦးထက်မနည်း သေဆုံးသည်။ ၎င်းတို့အနက်မှ သုံးဦးမှာ မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

တောင်ဘက်ကမ်းရိုးတန်းဒေသများနှင့် မဲခေါင်မြစ်ကမ်းတစ်လျှောက် အရှေ့ဘက် ပြည်နယ်များတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာ လူရှစ်ဦး သေဆုံးပြီး အများစုမှာ ကလေးများဖြစ်သည်။

နစ်မြုပ်

ဩဂုတ် ၂၃ ရက်က မဲခေါင်မြစ်တွင် မုန်တိုင်းတိုက်ခတ်ရာ လှေတစ်စင်းနစ်မြုပ်ပြီး လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမြောက်ပိုင်း ကမ်ပေါင်ချနမ်ပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း၊ ၎င်းမှာ ကောက်စိုက်နေစဉ် မိုးကြိုးပစ်ခံရခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ အရှေ့ပိုင်း ကမ်ပေါင်စီဟမ်ပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် လူနှစ်ဦးသေဆုံးသွားသည်။ တစ်ဦးမှာ အသက်(၆၆)နှစ်အရွယ်ဖြစ်ပြီး ၎င်း၏ အိမ်ထဲတွင် သေဆုံးကြောင်း၊ တစ်ဦးမှာ လူငယ်တစ်ဦးဖြစ်ပြီး မဲခေါင်မြစ်တွင် လှေဖြင့်သွားလာနေစဉ် သေဆုံးခဲ့ကြောင်း ခရိုင် စစ်ဘက်အကြီးအကဲ စိုခ်စေဗီက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းတို့ကြောင့် ကမ်ပေါင်စီဟမ်ပြည်နယ် အခြားဒေသရှိ အိမ်အများစု ပျက်စီးသွားခဲ့သည်။ ယင်းအဖြစ်အပျက်ကြောင့် လူတစ်ဦးသေဆုံးကာ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ၎င်း၏မိခင်တို့ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နီပေါ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်

ခတ္တမန္ဒူ ဩဂုတ် ၂၇

နီပေါနိုင်ငံ၌ ယခုနှစ်တွင် အမျိုးသားပိုလီယိုရောဂါတိုက်ဖျက်ရေးစီမံကိန်းအရ အသက် ငါးနှစ်အောက်ကလေး ၄ ဒသမ ၅သန်းကို ပိုလီယိုကာကွယ်ဆေးရည်တိုက်ကျွေးမည်ဖြစ်ကြောင်း စနေနေ့ထုတ် ဟိမဝန္တာတိုင်းစ်သတင်းစာက ဖော်ပြသည်။

ပထမအကြိမ် ကာကွယ်ဆေး တိုက်ကျွေးခြင်းကို စက်တင်ဘာ ၂ရက်မှ ၃ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်ကာကွယ်ဆေးတိုက်ကျွေးခြင်းကို အောက်တိုဘာ ၁၄ရက်မှ ၁၅ရက်အထိလည်းကောင်း၊ တတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးခြင်းကို နိုဝင်ဘာ ၁၈ရက်မှ ၁၉ရက်အထိ လည်းကောင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယကုမ္ပဏီ သဘာဝဓာတ်ငွေ့ရည် ဝယ်ယူမည်

နယူးဒေလီ ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံရှိ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခုနစ်ရုံတွင် လောင်စာဖြည့်တင်းမှု အလုံအလောက် ရရှိစေရေးအတွက် နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီဖြစ်သည့် အင်န်တီပီစီက သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်န်ဂျီ)တန်ချိန်၁ ဒသမ ၅ သန်းကို လက်ငင်း ပေါက်ဈေးစနစ်ဖြင့် ဝယ်ယူတင်သွင်းရန် ကြိုးပမ်းလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

မိမိတို့သည် လတ်တလောအသုံးပြုနိုင်ရန် အယ်လ်အင်န်ဂျီ ဝယ်ယူတင်သွင်းရန် ကြိုးပမ်းနေကြောင်း၊ မိမိတို့သည် လက်ငင်း ပေါက်ဈေးစနစ်ဖြင့် ဝယ်ယူရန်ကြိုးပမ်းနေကြောင်း အင်န်တီပီစီဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဆန်ကာလင်ဂရမ်အား ကိုးကား၍ အိန္ဒိယ–အာရှသတင်းဌာနက ဖော်ပြသည်။ မိမိတို့၏ အယ်လ်အင်န်ဂျီ လိုအပ်မှုသည် တန်ချိန် ၁ ဒသမ ၅ သန်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟာစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့ လက်နက်ဖြုတ်သိမ်းရေး ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ တာဝန်မဟုတ်ဟုဆို

ဘရပ်ဆယ် ဩဂုတ် ၂၆

လက်ဘနွန်နိုင်ငံသို့ ဖြန့်ကြက်ထားသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ တာဝန်မှာ လက်ဘနွန် တောင်ပိုင်းဒေသတွင် အစွဲရေးကိုတိုက်ခိုက်နေသော ဟာစ်ဇ်ဘိုလာပြောက်ကျား အုပ်စုအား လက်နက်ဖြုတ်သိမ်းရန်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် ပြောကြားသည်။

ပြောကြား

ဖော်ပြပါ တပ်ဖွဲ့များအနေဖြင့် ဟာစ်ဇ်ဘိုလာ ပြောက်ကျားများအား လက်နက်ဖြုတ်သိမ်းရန် မဟုတ်ကြောင်း၊ ယင်းအချက်ကို ရှင်းရှင်းလင်းလင်း သိရှိရန် လိုအပ်ကြောင်း ကိုဖီအာနန်က ဥရောပသမဂ္ဂ နိုင်ငံခြားရေး ဝန်ကြီးများ၏ အစည်းအဝေးတွင် သတင်းထောက်များအား ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၅၅၉ အရ လက်ဘနွန်နိုင်ငံရှိ ပြည်သူ့စစ် တပ်ဖွဲ့များကို လက်နက် ဖြုတ်သိမ်းစေရမည်ဖြစ်ကြောင်း၊ ယင်းကြောင့် လက်ဘနွန် အစိုးရကသာလျှင် ဟာစ်ဇ်ဘိုလာပြောက်ကျားများအား လက်နက်ဖြုတ်ရန်ဖြစ်ကြောင်း၊ ဟာစ်ဇ်ဘိုလာ ပြောက်ကျားများအား လက်နက်ဖြုတ်သိမ်းရန် အဓမ္မစေခိုင်း၍ မဖြစ်နိုင်သည်ကို အားလုံးက ယေဘုယျအားဖြင့် လက်ခံထားကြကြောင်း စသည်ဖြင့် ကိုဖီအာနန်က ပြောကြားသည်။

စဉ်းစားသုံးသပ်

လက်ဘနွန်အစိုးရက နိုင်ငံတကာ အသိုက်အဝန်းသို့ ယင်းကိစ္စနှင့် ပတ်သက်၍ တစ်ချိန်ချိန်တွင် အကူအညီ တောင်းခံပါက ကုလသမဂ္ဂက ယင်းကိစ္စအပေါ် စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် လက်ဘနွန်သို့ ဖြန့်ကြက်ထားမှုသည် ဟာစ်ဇ်ဘိုလာပြောက်ကျားများအား လက်နက်ဖြုတ်သိမ်းရန်အတွက် မဟုတ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာကမ်းမြောင်တွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး အီတလီဝန်ကြီးပြောကြား

ဂျေရုဆလင် ဩဂုတ် ၂၆

လက်ဘနွန်နိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ အောင်မြင်မှုရှိပါက နိုင်ငံတကာ တပ်ဖွဲ့ဝင်များကို ဂါဇာကမ်းမြောင်သို့ စေလွှတ်မည်ဖြစ်ကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီး မာဆီမိုဒီအလီမာက သောကြာနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များကို ဂါဇာကမ်းမြောင်၌ ဖြန့်ကြက်ရန် အယူအဆကို ယခုအခါ လက်ခံကြခြင်းမရှိသော်လည်း လက်ဘနွန်တွင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း အောင်မြင်ပါက အလားတူ လုပ်ငန်းစဉ်တစ်ရပ်ကို ဂါဇာကမ်းမြောင်၌ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း အလီမာက အစ္စရေးနိုင်ငံမှ သတင်းစာ ဟာရက်ဇ်သို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စူးအက်တူးမြောင်း ဝင်ငွေစံချိန်တင်

ကိုင်ရို ဩဂုတ် ၂၆

စူးအက်တူးမြောင်းမှဖြတ်သန်းခအဖြစ် ဩဂုတ်၂၁ ရက်က ဒေါ်လာ ၁၄ဒသမ ၃ သန်း ကောက်ခံရရှိရာ သမိုင်းတွင် နေ့စဉ်ဝင်ငွေ အများဆုံး ရရှိမှုပင်ဖြစ်ကြောင်း အီဂျစ်နိုင်ငံ အယ်လ်အာရမ် သတင်းစာက ဩဂုတ် ၂၃ ရက်တွင် ဖော်ပြသည်။

တန်ချိန်ပေါင်း ၂ ဒသမ ၉သန်းရှိ သင်္ဘောအစင်း ၆၀ သည် ဩဂုတ် ၂၁ရက်က တူးမြောင်းကို ဖြတ်သန်းသွားကြောင်း တူးမြောင်းအာဏာပိုင်အဖွဲ့ အကြီးအကဲ အာမဒ်ဖေဒဲလ်က ပြောကြားသည်။

ပြီးခဲ့သည့် ဇွန် ၇ ရက်က နေ့စဉ်ဝင်ငွေ အများဆုံးစံချိန်သည် ဒေါ်လာ ၁၃ ဒသမ ၇၃ သန်းဖြစ်ကြောင်းသိရသည်။

ယခုနှစ်၏ပထမခုနစ်လတွင် စူးအက်တူးမြောင်းမှ ဝင်ငွေသည် ၇ ဒသမ ၈ ရာခိုင်နှုန်းတိုးလာပြီး ဒေါ်လာ၂ ဒသမ ၁ ဘီလီယံရရှိကြောင်း ဖေဒဲလ်က ဆိုသည်။ *အမ်အင်အေ၊ ဆင်ဟွာ။*

ဂျကာတာမြို့၌ ကျင်းပသော အလှမယ်ပြိုင်ပွဲတွင် အင်ဒိုနီးရှား အလှမယ်ဆုရရှိသွားသည့် အက်နီပရာတစ်သာအား ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မက္ကဆီကိုနိုင်ငံ စာပို့တိုက်လုပ်ငန်းက အသစ်ထုတ်ဝေလိုက်သောတံဆိပ်ခေါင်းသစ်တွင် ရုပ်မြင်သံကြားသရုပ်ဆောင်တစ်ဦး၏ ရုပ်ပုံအား ဖော်ပြထားသည်ကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နယူးဇီလန်၌ လေယာဉ်များကို စစ်ဆေး ခရီးစဉ်များ နှောင့်နှေးကြန့်ကြာ

ဝယ်လင်တန် ဩဂုတ် ၂၆

နယူးဇီလန်လေကြောင်းဆိုင်ရာ အင်ဂျင်နီယာများက ပြည်တွင်းလေကြောင်းလိုင်းတွင် ပျံသန်းနေသော လေယာဉ်ငါးစင်းကို စစ်ဆေးလျက်ရှိသည့်အတွက် ဩဂုတ် ၂၄ ရက်က ခရီးစဉ်အများအပြား နှောင့်နှေးကြန့်ကြာခဲ့ရသည်။

စစ်ဆေး

အစစ်ဆေးခံရသော လေယာဉ်အမျိုးအစားမှာ ဘိုးရင်း ၇၃၇ လေယာဉ်အမျိုးအစားများဖြစ်သည်။ အမေရိကန်နိုင်ငံ ဆီယက်တယ်လ်မြို့တွင် အခြေစိုက်သော ဘိုးရင်းလေယာဉ် ထုတ်လုပ်သူများက ယင်းကုမ္ပဏီထုတ် လေယာဉ်များကို စစ်ဆေးပေးရန် အကြောင်းကြားလာသဖြင့် ယခုကဲ့သို့ စစ်ဆေးရခြင်းဖြစ်ကြောင်း သိရသည်။ မည်သည့်အကြောင်းကြောင့် စစ်ဆေးရသည်ကိုမူ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခြင်းမရှိပေ။

ယင်းအဖြစ်အပျက်ကြောင့် ခရီးစဉ် နှောင့်နှေးခဲ့ရသော ခရီးသည်ဦးရေမှာ ၄၀၀ ခန့်ရှိကြောင်း သိရသည်။

နယူးဇီလန်လေကြောင်းလိုင်းသည် ဘိုးရင်း ၇၃၇ လေယာဉ်ငါးစင်း ပိုင်ဆိုင်ပြီး အခြားလေယာဉ်အမျိုးအစား ကိုးစင်းကိုလည်း ပျံသန်းခွင့် လိုင်စင်ထုတ်ပေးထားသည်။ ထိုလေယာဉ်များ၏ ပျမ်းမျှသက်တမ်းမှာ ရှစ်နှစ်မှ ကိုးနှစ်အတွင်း ရှိနေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထုတ်သူမရှိသည့်ကုန်သေတ္တာ ဆိုက်ပရပ်စ်တွင် စစ်ဆေး ရှေးဟောင်းပစ္စည်းများ တွေ့ရှိ

နီကိုရှား ဩဂုတ် ၂၆

ထုတ်ယူသူမရှိသော ကုန်သေတ္တာကို ဆိုက်ပရပ်စ်အကောက်ခွန် ဝန်ထမ်းများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယင်းကုန်သေတ္တာအတွင်း ရှေးဟောင်းပရိဘောဂနှင့် ရှေးဟောင်းပန်းချီကားများ ပါရှိကြောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ ကြောင်း၊ ယင်းကုန်သေတ္တာ လီမာဆိုလ်ဆိပ်ကမ်း၌ ရောက်ရှိနေသည်မှာ ၄၅ ရက်ရှိပြီဖြစ်ကြောင်း အကောက် ခွန်နှင့် ယစ်မျိုးအရာရှိ တစ်ဦးက စနေနေ့တွင် ပြော ကြားသည်။

ယင်းကုန်သေတ္တာသည် ဆီးရီးယားနိုင်ငံမှ ရောက်ရှိလာခြင်းဖြစ်ပြီး ကုန်သေတ္တာပိုင်ရှင်မှာ အာရပ်လူမျိုးဖြစ်မည်ဟု ရဲတပ်ဖွဲ့က ယုံကြည်ထားသည်။

အမ်အင်အေ၊ ရိုက်တာ။

မြန်မာ့လူ့အဖွဲ့အစည်း၏ဂုဏ်ယူဖွယ်ရာ အမြင့်သဘင်ပွဲကြီး

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

* ဂီတသုခုမသဘင်ဆိုတာ
လူတကာကြိုက်တဲ့ အစာတစ်မျိုးပါ၊
ငယ်စဉ်အခါက သားချော့တေး
အိုအို. . .အေးအေး၊ အို. . .အေးအေး။
* ကလေးအက “ချိုမိုင်မိုင်”
ရက္ခိုင်ဆိုတော့ အက ‘သျှိုင်ဒိုင်’၊
အမေနဲ့ပြိုင် နိုင်အောင်က
ဂီတနဲ့စ ရင်းနှီးခဲ့ရ။
* နိုင်ငံတစ်ခုရဲ့ ယဉ်ကျေးမှုကို
အနုပညာစံပြုတိုင်းတာသလို၊
မြန်မာကို ကမ္ဘာကသိ
တူရိယာဆိုင်းဝိုင်းကြီး ခံ့ညားဘိ။
* နတ်သားဗေလုဝစောင်းတော်မဟာ
ဂါထာဆယ်ပါးတီးခတ်ကာ
ဗုဒ္ဓမြတ်စွာ ထံတော်ရင်း
မလျော့မတင်း၊ နားတော်သွင်း။
* မူရင်းဗီဇအမျိုးသာသနာ
မြန်မာ့စောင်းတော်အစပြုလာ၊
ကျက်သရေရှိကာ၊ ခံ့ခံ့ညား
မီးရေစုံသား၊ ထူးမခြားနား။
* နှီးကြားတက်ကြွ၊ မြူးရွှင်ကာ
ရိုးရာအိုးစည်အကချစ်စရာ၊
မြန်မာတစ်ပင်တိုင် သမီးပျိုလေး
ယဉ်ကျေးသိမ်မွေ့ မြန်မာ့သွေး။
* လက်ဆင့်ကမ်းအမွေပေးစို့လေ
ဒို့တစ်မျိုးသားလုံး ခွန်အားဝေ။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

သမိုင်းကြောင်း အတွေ့အကြုံမှ ပေါက်ဖွားလာသည့် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် အဆင့်အတန်းမြင့်မား ထည်ဝါသည့် ယဉ်ကျေးမှု အဆောက်အအုံများကို မြတ်နိုးထိန်းသိမ်းလာခဲ့သည့် ဇာတိသွေး၊ ဇာတိမာန်စွမ်းအားကြောင့် မြန်မာတိုင်းရင်းသားတို့သည် လက်ရုံးရည်၊ နှလုံးရည်ပါ သန်စွမ်းပြည့်ဝပြီး စည်းလုံးညီညွတ်သည့် အမျိုးသားနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။ ထိုမျှသာမက သမိုင်းစဉ်တစ်လျှောက်တွင် အိမ်နီးချင်းနိုင်ငံများ၏ လေးစားချစ်ကြည်မှုကိုရရှိပြီး ဆက်ဆံရေးကောင်းမွန် သာယာချောမွေ့ခဲ့ပါသည်။

သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မြန်မာတို့သည် မိမိတို့သီးသီးသန့်သန့် ပျိုးထောင်လာခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် ယှဉ်တွဲပြီး ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာနှင့် အမျိုးသားရေး ဥပဓိရုပ်များ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာ့ရေမြေပေါ်တွင် မြန်မာလူမျိုးတို့ နှစ်ပရိစ္ဆေဒရှည်ကြာစွာ ထိန်းသိမ်းပျိုးထောင်လာခဲ့ကြသည့် ထည်ဝါမြင့်မားသည့် သမိုင်းကြောင်း အစဉ်အလာများနှင့် သိမ်မွေ့နက်ရှိုင်းသည့် ယဉ်ကျေးမှုအဆင့်အတန်းများကို ရှေးဟောင်း၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ တူးဖော်တွေ့ရှိရသည့် မြို့တော်ဟောင်းများ၊ ခေတ်အဆက်ဆက် လူ့အသုံးအဆောင်ပစ္စည်းများ၊ တန်ဆာဆင်ခြယ်မှုန်းထားသည့် ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စသည့် ပန်း ၁၀ မျိုးလက်ရာများနှင့် စာပေ ပုရပိုက်၊ မင်စာ၊ ကျောက်စာ၊ လက်ရေးစာများတွင် လေ့လာတွေ့မြင်နိုင်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမတရားများနှင့် ထုံမွမ်းနေသည့် လူ့ကျင့်ဝတ်များ၊ လေးနက်ခိုင်မာသည့် တွေးခေါ်မြော်မြင်မှု သဘောတရားနှင့် လောကရေး၊ ဓမ္မရေး၊ ရာဇရေး အယူအဆများ၊ နက်နဲသိမ်မွေ့ပြီး ကျယ်ပြောနက်ရှိုင်းသည့် အနုသုခုမပညာရပ်များ၊ ယဉ်ကျေးသိမ်မွေ့သည့် ထုံးတမ်းဓလေ့အစဉ်အလာများ စသည့်စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ၏ အရည်အသွေးများကိုလည်း စာပေ၊ ကဗျာ၊ အလင်္ကာ၊ အမွှမ်းအဖွဲ့များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သဘင်ပညာရပ်များမှတစ်ဆင့် ဖော်ထုတ်တွေ့မြင်နိုင်ပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုကို **“ယဉ်ကျေးမှု အစစ် လူ့အနှစ်”**ဟူသော ဆိုရိုးစကားဖြင့် တိုင်းတာကြည့်နိုင်ပေသည်။

ယဉ်ကျေးမှုဆိုရာတွင် အပိုင်းနှစ်ပိုင်းရှိသည်။ လူ၏ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွင် လူနေအဆောက်အအုံများ၊ အတတ်ပညာ နည်းပညာများ၊ လူသုံးပစ္စည်းကိရိယာများ စသည်တို့ပါဝင်သည်။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွင် အနုပညာရပ်များ၊ တရားဥပဒေ၊ ဘာသာယုံကြည်ကိုးကွယ်မှု၊ အမျိုးသားရိုးရာ ထုံးတမ်းဓလေ့များပါဝင်သည်။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု အချက်အလက်များကို အခြေပြု၍ အမျိုးသားယဉ်ကျေးမှုဟု ဖြစ်ပေါ်လာသည်။

ဘေးဘိုးအစဉ်အဆက်က ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မိမိနှင့်တကွ နောင်လာနောက်သားများ လက်ထက်တွင်လည်း ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန် တာဝန်ရှိပါသည်။ သို့မှသာ အမျိုးသားယဉ်ကျေးမှု အခွန့်ရှည်တည်တံ့နိုင်ပါမည်။ ထိန်းသိမ်းမှုအပြင် တိုးတက်အောင် တီထွင်ကြံဆဖို့လည်း လိုအပ်ပါသည်။ ခေတ်အဆက်ဆက်က တိုးတက်အောင် တီထွင်ခဲ့ကြသဖြင့် အမျိုးသားယဉ်ကျေးမှုများ ကြွယ်ဝဆန်းသစ်လာခြင်း ဖြစ်ပါသည်။

ခေတ်သည် အစဉ်ပြောင်းလဲဖြစ်ထွန်းနေပါသည်။ ထိုပြောင်းလဲလာသော ခေတ်အလျောက် ယဉ်ကျေးမှုလည်း လိုက်ပါပြောင်းလဲလေ့ရှိသည်။ သို့သော် အမျိုးသားရေးအခြေခံပျောက်သွားသည့် ပြောင်းလဲခြင်းမျိုး မဖြစ်သင့်ပါ။

ယခုအခါ ဆက်သွယ်ရေးနည်းပညာ တိုးတက်လျင်မြန်လာသဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှုများလည်း အလွယ်တကူ ကူးလူးဝင်ရောက်လာသည်။ ကူးစက်ပြန့်ပွားအောင် ထိုးဖောက်ဝင်ရောက်မှုများလည်း ရှိနေသည်။ ကိုယ့်အမျိုးသားဓလေ့ထုံးစံ၏ သိမ်မွေ့မှုကို မဆီလျော်သော တိုင်းတစ်ပါးယဉ်ကျေးမှုဖြင့် အရုက်တကွဲ အကျိုးနည်းအောင် လုပ်သူများလည်းရှိလာသည်။ မောင်နှင့်နှမ၊ သားနှင့်အမိ ကြား၍မကောင်း၊ ကြည့်၍မသင့်သော အဆိုအကများသည် ကူးစက်ရောဂါပိုးသဖွယ် နေရာအနှံ့သို့ အလျင်အမြန်ပြန့်ပွားလာသည်။

ထိုအချက်များကို အမျိုးသားရေးသတိဖြင့် တားဆီးဖယ်ရှားပစ်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်က အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူ၍ လူမှုရေးဦးတည်ချက်တစ်ရပ် ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပြုလုပ်ပေးလျက်ရှိရာ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် ကျောင်းသား၊ ကျောင်းသူများကလည်း တက်တက်ကြွကြွ ဝင်ရောက် ယှဉ်ပြိုင်နေကြသည်။ လူလားမြောက်စ ကလေးသူငယ်များကလည်း ငှက်ပျောပင်စိုက်မိလိုက် ဖပါဆိုသကဲ့သို့ ပါဝင်ဆင်နွှဲလျက်ရှိသည်။ ဝါရင့်သမ္မာရင့် ပညာရှင်ကြီးများကလည်း ရင်အုပ်မကွာ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနေကြပါသည်။

ဤနည်းဖြင့် မြန်မာလူငယ် လူရွယ်ထုအတွင်း မြန်မာ့ဂီတ၊ မြန်မာ့အကကို လေ့လာလိုက်စား တန်ဖိုးထားမှုများ တိုးပွားလာလျက်ရှိသည်။ ဤသို့ဖြင့် မြန်မာ့ယဉ်ကျေးမှုသည် ကိုယ့်ရေ၊ ကိုယ့်မြေတွင် ရောဂါကင်းစင်ကာ သန်စွမ်းစည်ပင်လာပါလိမ့်မည်။ တိုင်းပြည်နှင့် လူမျိုးသည်လည်း ကမ္ဘာ့အလယ်တွင် လူရိုသေ၊ ရှင်ရိုသေခံရပါလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှုသည်သာ မြန်မာ့အနှစ်သာရ၊ မြန်မာ့ကျက်သရေဟု ဆိုရမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းဦးအစ ကာလများကပင် အဆင့်အတန်း မြင့်မားပြီး အရည်အသွေး ပြည့်ဝခံ့ထည်သည့် ယဉ်ကျေးမှုအဆောက်အအုံကြီးကို ခိုင်ခိုင်မာမာ ထူထောင်လာနိုင်ခဲ့သည့်အတွက် သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်စုံလှသည့် နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်လျက်ရှိပါသည်။

နှစ်ပေါင်းထောင်ချီပြီး ရှည်လျားသည့် မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ချစ်ချစ်ခင်ခင်၊ ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ရင်း မိမိတို့၏ ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုပြီး ကြွယ်ဝနက်ရှိုင်းအောင်၊ ကုံလုံပြည့်စုံအောင်၊ ခိုင်ခံ့ဝင့်ထည်အောင် ပြုစုပျိုးထောင် သိုမှီးစုဆောင်းပြီး မျိုးဆက် တစ်ဆက်မှတစ်ဆက်သို့ အမွေခံကောင်းများအဖြစ် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

မြန်မာ့မျိုးချစ် သမိုင်းသုတေသီတို့သည် မြန်မာ့သမိုင်းဦး၏ အထောက်အထား မှန်ကန်သော သမိုင်းစာမျက်နှာ ကြေးမုံပြင်တို့ကို ပျူခေတ်ကြီးလေး ခေတ်နှင့် ပုဂံခေတ်ဦးမှ စတင်တွေ့ရှိဖော်ပြနိုင်ခဲ့ကြပါသည်။ သမိုင်းဦးအစသည် ဗိဿနိုးတူးဖော်မှု(အေဒီ-၁ရာစု)မှ စတင်ခဲ့သော်လည်း ပုဂံစတင်တည်ဆောက်မှု (အေဒီ ၅ရာစု)ခန့်မှ ပုဂံမင်းတစ်ပါးဖြစ်သော ပျဉ်ပြားမင်း(အေဒီ ၈၄၉)တွင် ပုဂံကို တံခါး ၁၂ ပေါက်နှင့် အခိုင်အခံ့ တည်ဆောက်ခဲ့သည်။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် ၈ ရာစု ကျော်ခန့်မှစ၍ ပုဂံခေတ်ဦးတွင် စတင်ထွန်းကားခဲ့ပါသည်။ နန်းချိုဘုရင် အိမိုစူးလက်ထက်တွင် ပုဂံမှ ပျူတို့၏ သံအဖွဲ့တစ်ဖွဲ့နှင့် ကချေသည်အဖွဲ့တို့ ချစ်ကြည်ရေးခရီးများရောက်ပြီး နန်းချိုတွင် ဧည့်ခံကပြဖျော်ဖြေရာ အလွန်ကောင်းမွန်သဖြင့် နန်းချိုတို့က အလွန်နှစ်သက်ကျေနပ်ကြ၍ ပုဂံနှင့်နန်းချို ငြိမ်းချမ်းရေးဖြစ်ပေါ်စေပြီး ဂီတစွမ်းအား ထွန်းကားခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ပုဂံခေတ်တွင် မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာ ခိုင်မာစည်ပင်ကြောင်း ချစ်ကြည်ရေးခရီးသွားရောက်ပြီး ထိုခေတ်က တည်ထားခဲ့သော ဘုရား၊ ပုထိုး၊ စေတီစသည်တို့က သက်သေပြုလျက်ရှိပါသည်။

ပင်းယခေတ်တွင် ကာချင်း၊ အင်းဝခေတ်တွင် မြေဝိုင်းအက၊ နိပါတ်ခင်းအက၊ တစ်ပင်တိုင်အက၊ ယိမ်းအကများ ဖြစ်ထွန်းခဲ့ကြောင်း နံရံဆေးရေးပန်းချီနှင့် ပျို့စာပေများက သက်သေပြုဖော်ပြခဲ့ပါသည်။

တောင်ငူခေတ်တွင် တောင်ငူမြို့စား မင်းသားသတိုးဓမ္မရာဇာက သခ်ပတ္တဇာတ်ကို ရေးသားခင်းကျင်းခဲ့သည်။ ရတနာပုံခေတ် ရောက်လာသောအခါ မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာသည် အလွန်အဆင့်အတန်း မြင့်မားလာခဲ့သည်။

မြန်မာလူမျိုးများကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါသည့် လူမျိုးအဖြစ် သမိုင်းစဉ်အဆင့်ဆင့်မှာ မြှင့်တင်လာခဲ့သည့် အစဉ်အလာကောင်း၊ စွမ်းရည်ကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန်နှင့် တန်ဖိုးကြီးမား၍ စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့်လူမျိုး မြှင့်တင်ရေးတွင် ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများဖြင့် ပြန်လည်ဖော်ထုတ် ပြုစုပျိုးထောင်နေခြင်းဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် ရုပ်သေးသဘင်၊ ဇာတ်သဘင်၊ အငြိမ့်သဘင်နှင့် ဆိုင်းသဘင်ခေါ်သည့် သဘင်လေးရပ်တွင် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ကျယ်ပြောနက်ရှိုင်း သိမ်မွေ့လှပစွာ စိမ့်ဝင်ပျံ့နှံ့ ထွန်းကားလျက်ရှိပါသည်။

အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် သူ့မူ၊ သူ့ဟန်၊ သူ့အထာ၊ သူ့သမ္မာနှင့် သီးသီးသန့်သန့် ပညာရပ်များအဖြစ် ကိုယ်စီကိုယ်စီ ဖြစ်ထွန်းနေသကဲ့သို့ ပညာရပ်တစ်ခုနှင့် တစ်ခုသည်လည်း အပြန်အလှန်အကျိုးပြု အထောက် အကူပြုစေလျက်ရှိနေသည်ကို တွေ့ရှိနိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ် အသီးသီးသည် ယဉ်ကျေးသိမ်မွေ့ တင့်တယ်ခံ့ညားမှု၊ သွယ်ပျောင်းငြိမ့်ညောင်းမှု၊ ထက်မြက်တက်ကြွမှုဆိုသည့် ဣန္ဒြေကျက်သရေတို့နှင့်လည်း ကိုယ်စီကိုယ်စီ ပြည့်ဝကြသည်ချည်း ဖြစ်ပါသည်။

သဘင်ပညာ၌ မြန်မာတို့သည် သိမ်မွေ့နူးညံ့သော ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ပါသည်။ သိမ်မွေ့ငြိမ့်ညောင်းလှသည့် မြန်မာအကတစ်မျိုးကို အငြိမ့်အကဟုခေါ်တွင်ခဲ့ကြသည်။ **“ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်။ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်”**ဟူသော စကားအတိုင်း မြန်မာ့ဇာတ်သဘင်သည် အသိပညာအလိမ္မာ ပေးစွမ်းနိုင်သည့် ယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်ပါသည်။

“ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်”ကို အခြေခံသော မြန်မာ့ဂီတသည်လည်း ယဉ်ကျေးသိမ်မွေ့လှပါသည်။ တူရိယာငါးပါးတွင် အပါအဝင်ဖြစ်သော စည်တော်သည် မြန်မာ့ယဉ်ကျေးမှုအတွက် အရေးပါသော တူရိယာတစ်မျိုး ဖြစ်ပါသည်။ စည်တော်သံကြားလျှင် မြန်မာ့ရိုးရာမင်းခမ်းမင်းနား ဓလေ့ထုံးတမ်းကို သတိရစေသည်။ မြန်မာ့စောင်းသည် ကမ္ဘာက အသိအမှတ်ပြုရသော တူရိယာတစ်မျိုးဖြစ်သည်။ မြန်မာ့စောင်းသည် ငြိမ့်ညောင်းညင်သာပြီး နားဝင်ပီယံ ဖြစ်စေပါသည်။ မြန်မာ့ပတ္တလားသည်လည်း သိမ်မွေ့သော တူရိယာဂီတတစ်မျိုးဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်ရှင်သန်ဖြစ်ထွန်းလာခဲ့သည့် တရားမျှတမှု၊ ကိုယ်ကျင့် တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ မေတ္တာတရား ထားရှိမှုစသည့် အမွန်အမြတ်တရားများ၊ ဟိရိဩတ္တပ္ပ တရားနှစ်ပါး၊ ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေပေရာ မြန်မာ့ရိုးရာဓလေ့စရိုက် အစဉ်အလာများနှင့် မြင့်မြတ်သည့် မြန်မာ့စိတ်ရင်းကောင်းတို့သည် မြန်မာ့အနုပညာရပ်များတွင်လည်း နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထုံမွမ်းနေသည်။

အထူးသဖြင့် မြန်မာ့ဇာတ်တော်ကြီးများနှင့် အမြင့်သဘင်ဟုခေါ်သော ရုပ်သေးသဘင်တို့၏ တင်ဆက်မှုများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၏ အနှစ်သာရများ၊ မြန်မာ့အနုသုခုမပညာရပ်များ၏ သိမ်မွေ့နက်ရှိုင်းသည့် ပညာခန်း အဆီအနှစ်များအပြင် ကိုယ့်မင်းကိုယ့်ချင်းဖြင့် ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြသည့် မြန်မာ့လူ့အဖွဲ့အစည်း၏ အဆင့်အတန်းမြင့်မားလှသည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် တရားမျှတမှုဆိုင်ရာ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများ၊ သံခင်း၊ တမန်ခင်းနှင့် စစ်ရေးစစ်ရာ သေနင်္ဂဗျူဟာ အခင်းအကျင်းများ စသည့် မြန်မာမှု မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်တို့ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသိပညာပေးဟောပြောပွဲ
မန္တလေးတိုင်း အမရပူရမြို့နယ် ပန်းချီကျေးရွာ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အသိပညာပေး ဟောပြောပွဲကို ဩဂုတ်၂၃ရက်တွင် မန္တလေးတိုင်း အမရပူရမြို့နယ် ပန်းချီကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် ဌာနမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ မန္တလေးခရိုင်နှင့် အမရပူရမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ပန်းချီကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အမျိုးသမီးများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး အမရပူရမြို့နယ် ပန်းချီကျေးရွာ၌ ကျင်းပသည့် အသိပညာပေးဟောပြောပွဲတွင် ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဟောပြော

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး အဖွဲ့ခေါင်းဆောင် ဒေါ်မိမိလေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အမရပူရမြို့နယ် ပန်းချီကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အိုင်အိုဒင်းဆားထုပ်များနှင့် HIV/AIDS ရောဂါ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

အမရပူရမြို့ ပန်းချီကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စကားဝိုင်းများဖြင့် ဆွေးနွေးပွဲ ပြုလုပ်စဉ်။
(သတင်းစဉ်)

ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီး အထက်မြန်မာပြည် ကာလသားရောဂါ တိုက်ဖျက်ရေး အထူးကုဆရာဝန်ကြီး ဒေါက်တာဦးထွန်းမြင့်က HIV/ AIDS ရောဂါ အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

လက်ခံ

ထို့နောက် မန္တလေးခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာစောင်ရေ ၁၃၀၀၀ကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လက်ခံသည်။

တပ်ဆင်ပေး

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင် ရင်ထိုးတံဆိပ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းတို့က ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များအား တပ်ဆင်ပေးကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် အမျိုးသမီးရေးရာဝတ်စုံများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက လက်ခံသည်။

ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းတို့သည် ပန်းချီကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အိုင်အိုဒင်းဆားထုပ် ၃၀၀နှင့် HIV/ AIDS ရောဂါ ပညာပေး လက်ကမ်းစာစောင်များကိုဖြန့်ဝေပေးကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် စာအုပ်များကို ကျေးရွာ စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းကာ စကားဝိုင်း ၃၄ဝိုင်းဖြင့် ဆွေးနွေးပွဲပြုလုပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက်က ပြုလုပ်ရာ နိုင်ငံတကာနှင့် ပြည်တွင်း(ဗဟို) အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာဆု ၄၆ ဆုရှင် မောင်ဇင်ကိုကို(ခ)မောင်ဝေယံလင်းက အမှတ်တရ ပန်းချီကားကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းထံ ဂါရဝပြုပေးအပ်စဉ်။ (က-ပ)

ရန်ကင်းမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦးက ဒုတိယတန်းတွင် ပထမဆုရရှိသူ မဆုမြတ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၅)

❁ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

တေရသမအကြိမ်တွင် တင်ဆက်ယှဉ်ပြိုင်ခဲ့သည့် "ဝိဓူရဇာတ်တော်ကြီး"တွင် ဘုရားအလောင်းတော် ဝိဓူရအမတ်ကြီး၏ ဖြောင့်မတ်တည်ကြည်သည့် သစ္စာတရား၊ အတ္တဆန္ဒကင်းရှင်းစွာ ကိုယ်ကျိုးမငဲ့ကွက်ဘဲ ပညာစွမ်းအားဖြင့် သမာသမတ်ကျစွာ တရားဆုံးဖြတ်မှုတို့ကို ဖော်ညွှန်းထားပါသည်။ ထို့အပြင် သည်းခံခြင်းတရားနှင့် မေတ္တာတရားတို့၏ ကောင်းကျိုးကုသိုလ် အကျိုးအာနိသင်ကိုလည်းကောင်း၊ အဆွေခင်ပွန်းအပေါ် ကျေးဇူးစောင့်ထိန်းခြင်းဖြင့် ဆောက်တည်အပ်သည့် သာဓုနရတရားခေါ်သည့် သူတော်ကောင်းကျင့်စဉ်လေးပါးကို ထုတ်ဖော်ဟောကြားခြင်းအားဖြင့် မိမိဝန်းကျင်ရှိ ပုဂ္ဂိုလ်များကို လိမ္မာယဉ်ကျေးအောင် သွန်သင်ညွှန်ပြနိုင်မှုများကိုလည်းကောင်း အထူးပြုဖော်ညွှန်းထားပါသည်။ ယင်းအချက်များသည် ခိုင်ကျည်သည့် သီလ၊ သမာဓိ၊ နက်နဲသည့်ပညာ၏ စွမ်းအားတို့အပေါ် မြန်မာတို့၏ ယုံကြည်လေးစား တန်ဖိုးထားမှုကို ပေါ်လွင်ထင်ရှားစေပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၃ခုနှစ်မှစ၍ ကျင်းပခဲ့ရာ (၁၃)ကြိမ်မြောက် ပြိုင်ပွဲကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်၍ ယခုနှစ်ကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မွန်မြတ်သော ဦးတည်ချက်(၇)ရပ်ဖြင့် ကျင်းပရန် စီစဉ်ဆောင်ရွက်ထားပါသည်။

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်။

ဟူသော ဦးတည်ချက်များဖြင့် အမျိုးသားရေးအောင်ပွဲအဖြစ် ခြိမ့်ခြိမ့်သဲသဲ တင်ဆက်သွားမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ယူဖွယ်ရာ အမြင့်သဘင်ပွဲကြီးဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်မြင်တိုင်မြို့နယ် ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်ပွဲတွင် အလှူရှင်များထံမှ ဆွမ်းပဒေသာပင်အတွက် အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

✧ ကာကွယ်ရေးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ လှိုင်သာယာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပညာရာမိက ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဇောတထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော် ကြီးအား သင်္ကန်းအစရှိသော လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်း သည်။

ယင်းနောက် တပ်မတော်အရာရှိ ကြီးများက ဆရာတော်သံဃာတော် များအား လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင် ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက်တပ်မတော် (ကြည်း၊ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း လှိုင်သာယာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင် တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု များ ကိုယ်စား ရန်ကုန်တိုင်း စစ်ဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဆွေလင်းတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်း ဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆား နှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက် လုပ်ငန်းရှင်များ၊ ရန်ကုန်မြောက်ပိုင်း ခရိုင်နှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊(၉)ရပ်ကွက် တစ်ဆုပ်ဆန်လှူ အသင်း၊ (၁၉)ရပ်ကွက် စေတနာရှင် ပြည်သူများ၊ (၁၃)ရပ်ကွက် စေတနာ ရှင်ပြည်သူများ၊ (၅)ရပ်ကွက် စေတနာရှင်ပြည်သူသူများ၊ အမှတ် (၂၀)ရပ်ကွက် စေတနာရှင်ပြည်သူ များ၊ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်၊ FAME ဆေးဝါးထုတ်လုပ်ရေး၊ ဘုတ်ဆုံမင်ရေတ်သီးမှုန့်ရောင်းဝယ်ရေး၊ ထွန်းရွှေဝါဆေးတိုက်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့နှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီး ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများပေးအပ် လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၅၀၀၀၀၊ ရန်ကုန်မြောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် သုံးသိန်း၊ လှိုင်သာယာမြို့နယ် စက်မှုမြို့စီမံခန့်ခွဲ ရေး ကော်မတီ၊ ဦးအောင်နိုင် (မန်နေဂျင်းဒါရိုက်တာ ဝင်းဝင်း ဖယောင်းတိုင်)နှင့် ဦးဌေးရင် (မြန်မာ့ စတီးလ်လီမိတက် အိမ်မိုးသွပ်ပြား ထုတ်လုပ်ရေးလုပ်ငန်း)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးရန်ဟော် (AMC Construction)၊ ရွှေသံလွင် ကုမ္ပဏီ လီမိတက်နှင့် ဦးအောင်ကျော်ထူး– မခင်မာနိုင် (ငါးရှဉ့်လုပ်ငန်း၊ လှိုင်သာယာ)တို့က ငွေကျပ် ငါးသိန်း စီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီ ပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဦးဇော်ဝိတ်–ဒေါ်စုစုအေး မိသားစု (FISCA Enterprise)၊ ဦးသိန်းဟန်(တိုကျိုပိုက်) မြန်မာပိုက် ကုမ္ပဏီလီမိတက်၊ ဦးထွန်းမြင့်– ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမင်ရေတ်သီးမှုန့် ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးကျော် အောင် (Benhur Trading Co, Ltd.)၊ ဒေါ်ဝိုင်းဝိုင်းနွဲ့ (ဒါရိုက်တာ Golden Lion Wire Co, Ltd.)၊ လှိုင်သာယာမြို့နယ် ဆီလုပ်ငန်းရှင် များ၊ ဦးသန်းစိုးနှင့် ဦးမောင်လှနှင့် ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးသိုင်းဝင်း– ဒေါ်ဌေးဌေးညွန့်(BTB Co, Ltd.)၊ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်)၊ မြန်မာ နိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်းနှင့် လှိုင်သာယာမြို့နယ် တည်းခိုခန်း လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်းစီ၊ ဦးမျိုးအောင်– ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ) နှင့် လှိုင်သာယာမြို့နယ် ပညာရေး မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးတင်လှ (ကင်းမဲလ်ကုမ္ပဏီ) နှင့် (၇)ရပ်ကွက် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၁၁၀၀၀၀စီ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီး များနှင့် ဌာနဆိုင်ရာအကြီးအကဲများ က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများကို ပြန်လည်ပေးအပ်ကြ သည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်း ဆန်တော် အိတ် ၄၈၀ နှင့် ၁၈ပြည်၊ ဆီ ၁၅၂ပိသာ၊ အိုင်အိုဒင်းဆား ၁၄၅၆ ပိသာ၊ ဆပ်ပြာတောင့် ၁၄၃၀၊ သွားတိုက်ဆား ၂၈၆ဘူး၊ တိုင်းရင်း ဆေး မျိုးစုံ ဘူး ၂၉၆၀၊ ပဲ ၂၈၆ ပိသာနှင့် ဆွမ်းပဒေသာပင်အလှူငွေ ကျပ် ၁၃၉၇၃၀၀၀ ဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်း ခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီ တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း နှင့် နတ်စင်လမ်းထောင့်ရှိ သာစု ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ကြည့်မြင်တိုင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်လေးတိုက်မှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီး များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညို ကြသည်။

ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော် ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီး များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော် တို့က ဆရာတော်ကြီးထံ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီး ဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆား နှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ရေထွက် ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်း၊ အိုကေ ဆန်ပွဲရုံ၊ စန္ဒီပရဆေး၊ ကျော်တိုင်းရင်း ဆေး၊ အာရှကြီးပွား တိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ သီရိကုဋေကြွယ်ကုမ္ပဏီ၊ မှန်ချိုဆေး တိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ဌာန ဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန် တော်၊ ဆီ၊ဆား၊ဆေး၊ ပဲနှင့် လှူဖွယ် ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများပေးအပ်လှူဒါန်း ကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်အနောက်ပိုင်း ခရိုင်နှင့် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့က ငွေကျပ် ၂၀၀၀၀၀၊ သီရိသုဓမ္မဓဏီဇောတရေ ဦးအောင် ဝင်း–ဒေါ်စန်းစန်းနု မိသားစုက ငွေကျပ် ငါးသိန်း၊ (ဦးသိန်းမောင်)– ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က

လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများလှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဆွေလင်းတို့ သီလရှင်ဆရာကြီး များထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်း ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေရိပ်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသလထံမှ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ထို့နောက် သုဓမ္မစာရီဝတ်အဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်သာယာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့

❍ **ပျဉ်းမနားမှ**

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများ ကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆွမ်းဆန်တော်များနှင့် ပဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာအတွက် ဆန်များနှင့် ပဲများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ကဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ တိုင်းရင်းဆေးမျိုးစုံနှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်လေးသောင်း၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့က ငွေကျပ်ခြောက်သောင်း၊ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ) က ငွေကျပ်ငါးသိန်း၊ ဦးထွန်းမြင့်နိုင် (အေးရှားဝေါလ်ကုမ္ပဏီ)က ငွေကျပ်လေးသိန်း၊ ဂိုးဒင်းဖလားဝါး ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးတင်ဝင်း – ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ)၊ ဦးမောင်မောင်နှင့်ညီများ (ဂရိုတ်ဝေါတိုင်းရင်းဆေးဝါးလုပ်ငန်း)နှင့် ဦးချစ်ခိုင် (အေဒင်ကုမ္ပဏီအုပ်စု)တို့က

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်များထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ လက်ခံစဉ်။ (သတင်းစဉ်)

ငွေကျပ်သုံးသိန်းစီ၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ဦးဘိုကြီး – သီရိသုဓမ္မသင်္ဂဟ ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်အောင် – သီရိသုဓမ္မသင်္ဂဟ ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း)၊ ဦးစိန်မောင် – ဒေါ်သိန်းရှင် (ပိတုန်း လက်ဖက်ခြောက်မိသားစု)၊ မိုးကြယ်စင်ကုမ္ပဏီနှင့် WHK ဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးသန်းမောင် – ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး မြောက်ဥက္ကလာပ)က ငွေကျပ် တစ်သိန်းနှစ်သောင်းခြောက်ထောင်၊ ဦးနိုင်ဝင်း–ဒေါ်ခင်မိုးဆွေ (ရွှေဝင်းကုမ္ပဏီ)၊ ဦးအောင်မွန် – ဒေါ်လှလှမော် (မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ)၊ သီဟသုဓမ္မသင်္ဂဟ ဒေါ်မြသိန်းနှင့် သား ဦးရန်ရှင်း (ယူနိုက်တက်ဝင်းနား အင်တာနေရှင်နယ်ကုမ္ပဏီ)၊ သမားတော်ကြီး ဦးလှဌေး – သီရိသုဓမ္မသင်္ဂဟ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ ဦးထွန်းရွှေ – ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးကြည်စိုး (ကေသီပန်ဆေးတိုက်)၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဦးမြင့်အောင်မိသားစု (ဇောတိကပွဲရုံယောက်သွားအင်းကျေးရွာ)၊ PME Co., Ltd / Mitsubishi Electronic နှင့် ဦးဘိုအေး–ဒေါ်မြခင်မာ (ကားဝပ်ရှော့လုပ်ငန်း၊ ပေါင်းလောင်း)တို့က ငွေကျပ်တစ်သိန်းစီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု) က ငွေကျပ်သုံးသိန်းသုံးထောင်၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)နှင့် ဦးအောင်ဇော်မြင့်–သီရိသုဓမ္မသင်္ဂဟ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ငွေကျပ်တစ်သိန်းတစ်သောင်းစီ၊ ဦးကျော်သန်း – ဒေါ်တိုးတိုးမာ (ဆွေသဟာ ဧည့်ရိပ်သာ) နှင့် ဦးစိုင်းဝီလျံဦး (ရွှေတောင်ကြီးစားသောက်ဆိုင်)တို့က ငွေကျပ်ရှစ်သောင်းစီ၊ ဒေါ်ကျင်ဝှာမိသားစု (ပွဲရုံလုပ်ငန်း၊ ရွှေချီ) က ငွေကျပ်ခြောက်သောင်း၊ ဦးဘိုကြီး–ဒေါ်မြင့်မြင့်သန်းက ငွေကျပ်ငါးသောင်းခြောက်ထောင်၊ ဦးဇော်ဦး–ဒေါ်သီတာ(ကံဦးကျေးရွာ)၊ ဦးဝင်းနိုင်–ဒေါ်လဲ့လဲ့ဝေ (ရိုးမရတနာ ဧည့်ရိပ်သာ)၊ ဦးအောင်သန်း– ဒေါ်မာမာဝင်း (အေးဇင်အောင် စားသောက်ဆိုင်)၊ သုခမြိုင်မိုတယ်၊ ရောင်း၊ စက်ဌာန–ပျဉ်းမနားသစ်ဆိုင် (မြန်မာ့သစ်လုပ်ငန်း)၊ ဦးလှထွန်း–ဒေါ်အေးအေး (ဒေါ်ညီမလေးပွဲရုံ)၊ ဦးအောင်ချို(သင်္ကန်းပရိက္ခရာဆိုင်နှင့်မှန်ဆိုင်)၊ ဦးကြည်စိုးနှင့် မောင်နှမများ(ခေတ်သစ် အိမ်ဆောက်ပစ္စည်းလုပ်ငန်း)နှင့် ဦးမြင့်စိုး–ဒေါက်တာမြဇင်ဇင်ထွန်း (မြင့်မောင်စားသောက်ဆိုင်) တို့က ငွေကျပ်ငါးသောင်းစီ အပါအဝင်အလှူရှင်များက အလှူတော်ငွေ ကျပ် သိန်းခုနှစ်ဆယ် ခုနှစ်သောင်းခြောက်ထောင်တိတိကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာတို့ကိုယ်စား လက်ခံကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီး ချန်မောင်က တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချ

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားကို ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓမ္မစကြာဝတ်အသင်းက အရပ်ဆယ်မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းမှုအစုစု

ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၁၂၁အိတ်၊ ဆီ ၇၇ ပိဿာ ၃၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၇၁ ပိဿာ၊ သွားတိုက်ဆား ၅၃ဘူး၊ ပဲ၅၄ပိဿာ၂၀ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၄၂၀ နှင့် ၁၅၃၈ထုပ်၊ ဆပ်ပြာ ၂၇၁တောင့်နှင့် ၂၃၇ ခဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ငွေကျပ် သိန်းခုနစ်ဆယ်ခုနစ်သောင်း ခြောက်ထောင်တိတိဖြစ်သည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ငွေကျပ် ၃၀၃၀၀၀၊ သာစုပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့၊ စလင်းကျောင်းတိုက် ဓာတ်မီးပူဇော်ရေးအသင်း၊ ဦးထွန်းဝင်း(ဦးအာဝါးမိသားစု) စံပြရွှေငါးကုမ္ပဏီနှင့် ဦးညွန့်ဌေး–ဒေါ်နီလာရွှေ မိသားစု (ကြာငါးခိုင် သင်္ကန်းတိုက်) တို့က ငွေကျပ်သုံးသိန်းစီ၊ စံပြငါးဈေးသာယာရေးအလုပ်အမှုဆောင်အဖွဲ့က ငွေကျပ် ၂၅၀၀၀၀၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ/ကြက်ဆူစိုက်ပျိုးရေး) က ငွေကျပ် ၂၀၆၀၀၀၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီ)၊ သီရိသုဓမ္မသင်္ဂဟ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ ကျောင်းကြီးတိုက် ဓာတ်မီးပူဇော်ရေးအသင်း၊ ပြည်လုံးချမ်းသာစာသင်တိုက်ဂေါပကအဖွဲ့နှင့် သီရိသုဓမ္မသင်္ဂဟ ဒေါ်သန်းသန်းရီ (ပုဂံပြည်သား)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးစိုးသိန်း–ဒေါ်ခင်စန်းရီ (ဗဟိုစံပြငါးဈေးကြီး) နှင့် သီရိမင်္ဂလာဈေးသာယာရေးနှင့် စည်ကမ်းထိန်းသိမ်းရေးအဖွဲ့တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ မြို့နယ် ဆီကိုယ်စားလှယ်များနှင့် ဆီကုန်သည်များကငွေကျပ် ၁၁၂၅၀၀၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာအင်တာပရိုက်စ် ကုမ္ပဏီလီမိတက်)နှင့် ဦးတင်လှ (CAMEL International Co, Ltd.) တို့က ငွေကျပ် ၁၁၀၀၀၀စီအပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တဥဂ္ဂံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၇၂အိတ် ၁၂ပြည်၊ ဆီ၄၈ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၄၈၄ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၃၂၃၄ဘူး၊ ပဲ ၉၆ပိဿာ ၈၀ကျပ်သား၊ သွားတိုက်ဆား ၉၇ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၇၀၈၂၅၀၀ ဖြစ်သည်။ (သတင်းစဉ်)

ဩဂုတ် ၂၇ ရက်က တာမွေမြို့နယ် ဂျီအီးစီ ပညာရေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အထက(၃)တာမွေတွင်ကျင်းပရာ အမြတ်ဝေစုများကို မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းထိန်သို့ပေးအပ်စဉ်။ (ဝ၈)



ဆက်ကပ်လှူဒါန်း (see boxed caption above)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၈–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ မံဆောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၆။ အကပဒေသာ
၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၈။ အတီးပြိုင်ပွဲ
၅:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၅:၄၀ ၁၀။ **“သတိတစ်ချက် တစ်သက်အမှား” (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅:၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၃)**
၆:၅၀ ၁၅။ **“မောင်မြန်မာလျှပ်စစ်စက်ဘီး” [ရီဝေယံ၊ စောနိုင်(ရှမ်းပြည်) ပုလဲဝင်း] [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)]**
၇:၀၀ ၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၀–၁၅နှစ်) (အမျိုးသား)
၇:၁၅ ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဓူလိုင်နံနက်ခင်း”(အပိုင်း–၂၁)**
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့အိပ်မက်လှလှ” (အပိုင်း–၂၃)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ရန်ကုန်တောင်ပိုင်းခရိုင် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ် ရွှေမှော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝါသနာရှင်အဆင့် ရွှေတံဆိပ်ဆုရ မောင်အောင်ကျော်ဖိုလ်က အကဖြင့်လည်းကောင်း၊ ဂီတအစည်းအရုံးမှ တေးသံရှင်များက ဝေဇယန္တာသီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ရန်ကုန် တောင်ပိုင်းခရိုင်မှ ပညာရှင်အဆင့် ၇၈ ဦးနှင့် ဝါသနာရှင်အဆင့် ၂၆ ဦး စုစုပေါင်း ၁၀၄ ဦး ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ညောင်ဝိုင်း ကျေးရွာအနီးရှိ ဆင်းသွယ်လတ် မျိုးသန့် စံပြစိုက်ကွက် ဧက ၅၀ ၌ ကျင်းပသည့် တစ်မိုးနှစ်သီး ပထမစပါး ရိတ်သိမ်းပွဲသို့ တက်ရောက်၍ ပထမ စပါး ရွှေမြန်မာရိတ်သိမ်းနေမှု၊ ဒုတိယ စပါးစိုက်ပျိုးရန်

ရန်ကုန်တောင်ပိုင်းခရိုင် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့်ဇနီးတို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပျိုးထောင်ထားရှိသည့် ပျိုးခင်း၊ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆင်းသွယ်လတ် စပါးခင်းများ၊ ရိတ်သိမ်းပြီး စပါးများကို ခြွေလှေ့ စက်များဖြင့် ခြွေလှေ့နေမှုနှင့် စပါး အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြပြီး ကျောင်းဝင်းအတွင်း ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ သစ်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့သည် သန်လျင်မြို့နယ် အုတ်ဖိုစရပ်ကွက် သိပ္ပံလမ်းဘေး၌ ကျင်းပသည့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မိုးရာသီ ပန်းအလှပင်စိုက်ပျိုးပွဲတော်သို့ ရောက်ရှိလာပြီး ပန်းအလှပင်များကို အမှတ်တရစိုက်ပျိုးပေးကြကာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သိပ္ပံလမ်းဘေး တစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ (၂၈)ကြိမ်မြောက် ငွေ ပဒေသာပင် အလှူတော်ရေစက်ချ ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၂၈)ကြိမ်မြောက် ငွေပဒေသာပင် အလှူတော်ရေစက်ချပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (၂၈)ကြိမ်မြောက် ငွေပဒေသာပင် အလှူတော်ရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ဘိုးဘွားရိပ်သာဓမ္မာရုံခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်ကြသော ထားဝယ်မြို့ ဃောသိတာရုံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ၊ မန္တလေးမြို့ နိန္ဒိသေနာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထားဝယ်မြို့ ဃောသိတာရုံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ကြသည်။ ထို့နောက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)က ငွေပဒေသာပင် အလှူတော်ရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒ္ဒိပိဋကဓရဘဒ္ဒန္တဇာဂရာ ဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်သွယ်လှူဒါန်း

ယခုအခါ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ၌ အဘိုးဦးရေ ၁၀၀၊ အဘွားဦးရေ ၁၄၀ စုစုပေါင်း ၂၄၀ ကိုသာ လက်ခံနိုင်ရာ နောက်ထပ်အဘိုးအဘွားဦးရေတိုး၍ လက်ခံနိုင်ရန်အတွက် အဆောက်အအုံအသစ်တစ်ခုကို ယခုနှစ်တွင် တည်ဆောက်မည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇာတိမာန်သီချင်းဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ထုတ်လွှင့်သော ဇာတိမာန်သီချင်းဆိုပြိုင်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စတူဒီယို (ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အလက(၂) ဒဂုံ၊ ဒုတိယဆုကို အလက(၃) ဗဟန်း၊ တတိယဆုကို အလက(၇)လှိုင်၊ နှစ်သိမ့်ဆုကို အလက(၁)ရန်ကင်းတို့က ရရှိကြသည်။

ဆုရရှိသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ (သတင်းစဉ်)

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ် ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသုတေသန ဦးစီးဌာန (အောက် မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း၊ ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးသောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ လိုက်ပါလျက် ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ် (ရန်ကုန်)သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်က အစည်းအဝေးခန်းမ၌ တက္ကသိုလ် ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ဘွဲ့ကြိုနှင့် ဘွဲ့လွန် သင်ကြားရေးဆိုင်ရာများ နှင့် ဆောက်လုပ်ဆဲ အဆောက်အအုံလုပ်ငန်းများကို တင်ပြရာ ဒုတိယ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်သည် ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းတွင် အရေးပါသော ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးသည့် နည်းပညာ တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ရောဂါရှာဖွေရေးလုပ်ငန်းသည် လူနာအတွက် အလွန်အရေးပါသဖြင့် မှန်ကန်တိကျရန်လိုအပ်ကြောင်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများသည် နိုင်ငံတကာနှင့် အဆင့်မီသော နည်းပညာများကို မျက်ခြည်အပြတ်မခံဘဲ သင်ကြားရေးလုပ်ငန်းကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆောက်လုပ်ပြီးသည့် စာသင်ဆောင် အမှတ်(၅)၊ (၆)နှင့် (၇)တို့အား လှည့်လည် စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသသည်။

ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်၏ ပင်မဆောင် ဆောက်လုပ်မည့် ပုံစံနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရှိ ဆေးဝါးတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက် စစ်ဆေးကြည့်ရှုရာ ပါမောက္ခချုပ်က အစည်းအဝေးခန်းမ၌ တက္ကသိုလ်၏ ဖွဲ့စည်းပုံ၊ သင်ကြားရေး ဆိုင်ရာများနှင့် ဆောက်လုပ်ပြီးသည့် အဆောက်အအုံ လုပ်ငန်းများကို တင်ပြသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပါမောက္ခများ၊ ကထိကများနှင့် ဆရာဆရာမများအား အမှာစကား ပြောကြားရာတွင် ဆရာဆရာမများသည် ဆေးဝါးဆိုင်ရာ ပညာဆိုင်ရာ ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်လေ့လာ၍ သင်ကြားမှု အရည်အသွေးမြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လူနာအား ဆေးကုသမှုပေးရာ၌ လူနာတစ်ဦးနှင့် တစ်ဦး ကွာခြားမှုရှိသည့် လူနာ၏ အသက်အရွယ်၊ လူနာ၏ မူလရောဂါ အခြေအနေများ၊ အသုံးပြုမည့် ဆေးဝါး အချင်းချင်း ဓာတ်ပြုနိုင်မှု အခြေအနေ စသည်တို့ကို ဆေးဝါးပညာရပ်ဖြင့် သေချာစွာ လေ့လာသုံးသပ်ပြီး ဆေးဝါးများ ညွှန်းပေးနိုင်သည့် ကျွမ်းကျင်သော ဆေးဝါးပညာရှင်များ ဖြစ်လာအောင် မွေးထုတ်သင်ကြားပေးမည့် ခေတ်မီသော တက္ကသိုလ်တစ်ခု ဖြစ်လာရန် လိုအပ်ကြောင်း၊ ရောဂါပြင်းထန်သော လူနာများအား ဆေးကုသရာတွင် မှန်ကန်သော ဆေးဝါးများပေးခြင်း၊ တိကျသောဆေးအချိန်အဆပေးခြင်း၊ ဆေးဝါးများပေါင်းစပ်ကုသခြင်း စသည့် ဆေးဝါး ပညာရပ်၏ နည်းပညာများဖြင့် လူနာ၏အသက်ကို ကယ်တင်နိုင်ပုံတို့ကို ကျောင်းသားများ စိတ်ဝင်တစားရှိလာအောင် သင်ကြားပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးဝါးတက္ကသိုလ် ပင်မဆောင် ဆောက်လုပ်ရေး လုပ်ငန်းနှင့် အဝင်လမ်းဖောက်လုပ်ခြင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်နှင့် ကုန်တင်ပို့သူများ၏ ယုံကြည်အားထားမှု ရရှိနေသည့် ကုန်တင်ရေယာဉ်(အမြန်) ခရီးစဉ်များ

သတင်းဆောင်းပါး၊ ဓာတ်ပုံ-ရဲမောင်

ရန်ကုန်မြို့နေ လူဦးရေ ခြောက်သန်းကျော်နှင့် မြန်မာ နိုင်ငံ အရပ်ရပ်ရှိ စားသုံးသူများ လက်ဝယ်သို့ လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်းများ အချိန်နှင့် တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာ စားသုံး နိုင်ရေးအတွက် ရေယာဉ်များဖြင့်ကုန်စည်အမြန်ပို့ဆောင် နိုင်ရေးကို အထူးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန် ချက်နှင့်အညီ နိုင်ငံတော်တွင်ကျင့်သုံးနေသည့် ဈေးကွက် စီးပွား ရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး တို့ကို အဓိက အထောက်အကူပြုနိုင်မည့် ကုန်တင် ရေယာဉ်(အမြန်) လမ်းသစ်များကို ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ် ဌာနခွဲသည် ရန်ကုန်-ဘိုကလေးနှင့် ရန်ကုန်-လပွတ္တာ ကုန်တင်ရေယာဉ်(အမြန်) လမ်းကို ၂၀၀၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှစ၍ ဒုဗလျူအမျိုးအစား ရေယာဉ်များဖြင့် တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။ ကုန်တင်ရေယာဉ် (အမြန်) လမ်းများသည် ဧရာဝတီတိုင်းနှင့် ရန်ကုန် တိုင်းကို တိုက်ရိုက် ဆက်သွယ်ထားသည့် လမ်းများဖြစ် သည်။ ဧရာဝတီတိုင်း၏ အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အခြားကုန်ပစ္စည်းများကို နိုင်ငံတစ်ဝန်းသို့လည်း ကောင်း၊ အခြားပြည်နယ်နှင့်တိုင်းများမှ ကုန်ပစ္စည်း မျိုးစုံကို ဧရာဝတီတိုင်းသို့လည်းကောင်း အဆင်ပြေ ချောမွေ့စွာ ပို့ဆောင်ပေးနေသည်ကို တွေ့မြင်နေရ သည်။

ကုန်တင်ရေယာဉ်(အမြန်)

လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ ဆိပ်ကမ်းတွင် ဒေသထွက်ကုန်များ တင်နေသည့် ကုန်တင်ရေယာဉ်(အမြန်) သင်္ဘောတစ်စင်းအား တွေ့ရစဉ်။

ကုန်တင်ရေယာဉ်(အမြန်)လမ်းများ အနက် ရန်ကုန်-ဘိုကလေး ကုန်တင်ရေယာဉ်(အမြန်)လမ်းမှာ ဇွန်လ ၁၂ ရက်နေ့မှ ဩဂုတ်လ ၁၆ ရက်နေ့အထိ ခေါက်ပြန်ခေါက်ရေ ပေါင်း ၁၉ ခေါက် ပြေးဆွဲခဲ့ပြီး ကုန်တန်ချိန် ၁၅၀၀ ခန့်နှင့် ခရီးသည် စုစုပေါင်း ၄၀၀၀ ကျော် သယ်ယူပို့ဆောင်နိုင်ခဲ့ သည်။ အလားတူ ရန်ကုန်-လပွတ္တာ ကုန်တင်ရေယာဉ် (အမြန်)လမ်းက လည်း အလားတူကာလအတွင်း ခေါက်ပြန် ခေါက်ရေ ပေါင်း ၁၉ ခေါက် ပြေးဆွဲခဲ့ကာ ကုန်တန် ၂၃၀၀ နှင့် ခရီးသည်ဦးရေ ၇၇၀၀ ကျော် သယ်ယူပို့ဆောင်ပေးနိုင် ခဲ့ကြောင်း ၎င်းဌာနခွဲမှ မန်နေဂျာ(စီမံ/ကွပ်ကဲ) ဦးစိုးမြင့် က ရှင်းလင်းပြောပြသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ် ဌာနခွဲက တိုးချဲ့ပြေးဆွဲပေးနေသည့် ဘိုကလေး-ရန်ကုန် ကုန်တင်(အမြန်)ရေယာဉ်များ ကုန်ပစ္စည်း ရရှိရေး အတွက် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ဘိုကလေး-မြင်းကကုန်းတို့မှ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ပြည်တွင်း ကုန်တင်ကုန်ချအဖွဲ့များက ဝိုင်းဝန်းပံ့ပိုးကြကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဘိုကလေးမြို့နယ် မန်နေဂျာဦးဌေးဌေးက ရှင်းပြသည်။

အလားတူ လပွတ္တာ-ရန်ကုန် ကုန်တင်(အမြန်) ရေယာဉ်များတွင် ကုန်ပစ္စည်းရရှိရေးအတွက် လပွတ္တာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လပွတ္တာ၊ ဘီတွတ်၊ ကန်ဘက်နှင့် ကကရိုတို့မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ပြည်တွင်း ကုန်တင် ကုန်ချအဖွဲ့အစည်းများက ဝိုင်းဝန်းပံ့ပိုး ညှိနှိုင်းဆောင်ရွက် ပေးကြကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး လပွတ္တာမြို့နယ် မန်နေဂျာ ဦးတင်ဝင်းက ပြောပြ သည်။

ပြေးဆွဲနေသည့် ရန်ကုန်-ဘိုကလေးနှင့် ရန်ကုန်-လပွတ္တာ ကုန်တင်ရေယာဉ်(အမြန်)ခရီးစဉ်များ၏ ထူးခြားချက်မှာ အချိန်တိကျစွာထွက်၍ အချိန်တိကျစွာ ဝင်ရောက်ခြင်းဖြစ်သည်။

ရန်ကုန်-ဘိုကလေးကုန်တင်(အမြန်) ရေယာဉ် ခရီး လမ်းမှာ ရန်ကုန်-မြင်းကကုန်း-ဘိုကလေး(၈၇မိုင်) ခရီးစဉ်ဖြစ်သည်။ ရန်ကုန်မှ ဘိုကလေးသို့ တနင်္လာ၊ ကြာသပတေး နေ့တိုင်း ထွက်သည်။ ရန်ကုန်မှ ညနေ ၆ နာရီခွဲထွက်ကာ ဘိုကလေးသို့ နောက်တစ်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် သတ်မှတ်ချိန်အတိုင်း ဆိုက်ကပ် သည်။ထို့အတူ ဘိုကလေးမှရန်ကုန်သို့ အင်္ဂါနှင့်သောကြာ နေ့တိုင်း ထွက်သည်။ ဘိုကလေးမှ ညနေ ၅ နာရီထွက်ကာ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၅နာရီတွင် ဆိုက်ကပ် သည်။

အလားတူ ရန်ကုန်-လပွတ္တာ(အပြင်)ကုန်တင် (အမြန်) ရေယာဉ်ခရီးလမ်းမှာ ရန်ကုန်-ရွှေလောင်း-ကကရံ-ကန်ဘက်-ဘီတွတ်-လပွတ္တာ ၁၇၁ မိုင် ခရီး ဖြစ်သည်။ ရန်ကုန်မှ လပွတ္တာသို့ တနင်္လာနှင့် သောကြာ နေ့တိုင်းထွက်သည်။ ရန်ကုန်မှ မွန်းလွဲ ၂ နာရီ ထွက်၍ ရွှေလောင်း၊ ကကရံ၊ ကန်ဘက်၊ ဘီတွတ်နှင့် လပွတ္တာ တို့သို့ သတ်မှတ် ချိန်အတိုင်းဆိုက်ကပ်သည်။ လပွတ္တာမှ ရန်ကုန်သို့ ဗုဒ္ဓဟူးနေ့ နှင့် တနင်္ဂနွေနေ့တိုင်းထွက်သည်။ လပွတ္တာမှ နံနက်၇ နာရီ ထွက်ခွာ၍ ဘီတွတ်၊ ကန်ဘက်၊ ကကရံ၊ ရွှေလောင်းနှင့် ရန်ကုန်တို့သို့ သတ်မှတ်ချိန် အတိုင်း ဆိုက်ကပ်ကြသည်။

"ကုန်တင်(အမြန်) ရေယာဉ်စီးမယ့်သူတွေက လက်မှတ်ဖြတ်ရင်း သင်္ဘော ဘယ်အချိန်ဆိုက်မလဲမေးရင် ဘယ်အချိန်ကပ်မှာဆိုပြီး တိတိကျကျ ရဲရဲတင်းတင်းပဲ ဖြေလိုက်တယ်။ ဖြေတဲ့အတိုင်းပဲ သတ်မှတ်ထားတဲ့ အချိန်မှာ သင်္ဘောကဆိုက်တယ်။ ဆိုက်ရမယ့်အချိန်၊ ထွက်ရမယ့်အချိန် သတ်မှတ်ပေးထားတာ ခရီးသည်တွေ အတွက်အလွန်တန်ဖိုးရှိပါတယ်" ဟုပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရွှေလောင်းမြို့နယ် မန်နေဂျာ ဦးစိန်လှိုင်က ဂုဏ်ယူစွာ ရှင်းပြသည်။

ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ် တို့သည် ဆန်ထွက်ကောင်းသည့် ဒေသများဖြစ်ရာ ဆန်များကို ရန်ကုန်မြို့သို့ ပို့ရန် ကုန်တင် ရေယာဉ်(အမြန်)ပေါ်သို့ တင်နေစဉ်။

"ကကရံ၊ ကန်ဘက်၊ ဘီတွတ်တို့ကို အခြေစိုက် ကူးလူးနေတဲ့ ရွာတွေဆီထွက်တဲ့ လိုင်းမော်တော်တွေက မွန်းတည့် ၁၂နာရီနောက်ပိုင်းမှာ ရွာတွေဆီက ထွက်ကြ တယ်။ ဒီသင်္ဘောက မွန်းတည့် ၁၂ နာရီ မထိုးခင် အချိန်မှန် ဆိုက်တော့ လိုင်းမော်တော်တွေကို မီတယ်။ ခရီးမထောက်တော့ဘူး။ ဆက်သွားလို့ရတယ်။ ကျေးရွာ အရောက် တစ်ဆက်တည်း ခရီးပေါက်သလိုပဲ၊ သိပ်ပြီး အဆင်ပြေတယ်" ဟူ၍ ဘီတွတ်နှင့်ရန်ကုန် ကုန်စည် ကူးသန်းနေသည့်ဘီတွတ်သူ မတင်တင်ချိုကပြောသည်။

"လပွတ္တာမြို့နယ်မှာ မြို့နှစ်မြို့၊ ကျေးရွာအုပ်စု ပေါင်း ၅၀၊ ကျေးရွာပေါင်း ၅၀၀ ရှိတယ်။ အဲဒီရွာတွေဆီ ကူးလူးတဲ့ လိုင်းမော်တော် ၂၅ လိုင်းရှိသည်။ လိုင်း မော်တော်တွေက မွန်းတည့် ၁၂နာရီနောက်ပိုင်း ထွက်ကြ သည်။ ဒီသင်္ဘောက နံနက် ၁၁နာရီခွဲလောက်ဆို လပွတ္တာကပ်ပြီ။ လိုင်းမော်တော်ကို ကောင်းကောင်း မီကြတယ်။ သင်္ဘောပေါ်ကဆင်း၊ လိုင်းမော်တော် ဆက်စီး၊ ခရီးကို အဆင်ပြေလို့၊ သင်္ဘောကြီးတွေ အချိန်မှန်ထွက်တာ၊ ဆိုက်တာအရမ်းဝမ်းသာတယ်၊ သင်္ဘောက အချိန်မှန်တဲ့အတွက် စီးသူများလာတယ်" ဟု လပွတ္တာ-ရန်ကုန် ကုန်ကူးနေသူ လပွတ္တာမြို့သူ မအေးစန္ဒာက ရှင်းပြသည်။

"ဒီကုန်တင် (အမြန်)ရေယာဉ်တွေနဲ့ ဆန်တင် ရတာ အဆင်ပြေတယ်ဗျ၊ သင်္ဘောက အချိန်မှန်ဆိုက် တော့ ဘယ်နှနာရီ ဆန်ရောက်မယ်ဆိုတာ ရန်ကုန်ကို ကြိုပြီး အကြောင်းကြားထားလို့ရတယ်၊ နယ်ကို ပို့ဖို့ ရှိရင်လဲ ဖုန်းဆက်ပြီးစီစဉ်ထားနိုင်လို့ ကုန်ပို့ဆောင်ရေး မှာ လွယ်ကူပြီး နှောင့်နှေးကြန့်ကြာမှု မရှိသလောက် နည်းသွားတယ်" ဟု ကန်ဘက်ကျေးရွာမှ ကုန်သည် တစ်ဦးက သုံးသပ် ပြောကြားသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ် ဌာနခွဲက ကြံဆကြိုးပမ်းဆောင်ရွက် လျက်ရှိသည့် ရန်ကုန်-ဘိုကလေး၊ ရန်ကုန်-လပွတ္တာ ကုန်တင်ရေ ယာဉ် (အမြန်) ခရီးစဉ်များသည် ကုန်စည်စီးဆင်းမှုကို လွယ်ကူမြန်ဆန် စေရုံသာမက ကုန်တင်ခနှုန်းထား သက်သာသည့်အတွက် စားသုံးသူပြည်သူများကို များစွာ အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ ထို့ပြင် ခရီးစဉ် အတွင်းရှိ ဆိုက်ကပ်ရမည့် ဆိပ်ကမ်းများသို့ သတ်မှတ် ပေးထားသည့် ဝင်ချိန်-ထွက်ချိန်များ တိကျမှန်ကန် အောင် ရေယာဉ်ဝန်ထမ်းများက ကြိုးပမ်း လုပ်ဆောင်နေ ကြရာ ခရီးသည်နှင့် ကုန်တင်ပို့သူများ၏ ယုံကြည်အား ထားမှုကို တည်ဆောက်နိုင်သဖြင့် ကုန်ပစ္စည်းများ တစ်နေ့ထက် တစ်နေ့ ပိုမိုပို့ဆောင်ရလျက်ရှိကာ အောင်မြင်မှု ရလျက်ရှိနေပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒလမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းငွေကျပ် နှစ်သိန်းကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးရုံသန့်ရှင်းရေးပြုလုပ်၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ သန့်ရှင်းရေးဆောင်ရွက်ပွဲ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဒလမြို့နယ် ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာဒေါ်နီနီမူက သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် ဆေးရုံသံဃာဆောင်ရှေ့၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အခမ်းအနား ကျင်းပရခြင်းနှင့် အဖွဲ့ချုပ်၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ဆေးရုံဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြတ်ထွန်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက အလှူငွေများဆက်လက်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်နှစ်သိန်းစီ၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (အငြိမ်းစား)–ဒေါ်သိန်းဆိုင်မိသားစုနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ဆယ် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်းငွေကျပ် ၃၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြတ်ထွန်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နီနီမူတို့က လက်ခံကြသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက် ဆေးဝါးကုသမှု ခံယူနေကြသည့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆေးရုံရှိ လူနာများအား ထောက်ပံ့ငွေများ လိုက်လံပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒလမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းရှိ ကိုယ်ဝန်ဆောင် မိခင်များအား အိုင်အိုဒင်းဆားနှင့် ကိုယ်ဝန်ဆောင် အားဆေးများကိုလည်းကောင်း၊ မွေးလူနာများအား ထောက်ပံ့ငွေများကို လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နေ့ကလေးထိန်းကျောင်း (မူကြို)ရှိ ကလေးငယ်များအား စားစရာများကိုလည်းကောင်း ဝေငှပေးအပ်ပြီး ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းကာ ကလေးငယ်များအား အာဟာရ တိုက်ကျွေးနေမှုကို ကြည့်ရှုကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌသည် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ရန်ကုန်တောင်ပိုင်းခရိုင် ဆယ်အိမ်စုဝင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရာသက်ပန် အသင်းဝင်အဆိုပြုလွှာစောင်ရေ ၁၀၀၀ ကို လက်ခံသည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ မိသားစု စကားဝိုင်းအသွင်ဖြင့် မိခင်နှင့်ကလေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈–၈–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၁၀	၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၂၀	၁၀။ မိုးလေဝသသတင်း
၆:၂၅	၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မေတ္တာသည်သာ (အပိုင်း–၅၀)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။ မေးမြန်းစူးစမ်း
	၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဘက်မတူတဲ့တက်လှု (အပိုင်း–၂)**
	၁၉။ သင့်အတွက်မနက်ဖြန်
	၂၀။ အပိတ်နှုတ်ဆက်စကား
	၂၁။ ပြီးပါပြီ။

အင်တာနက် အားကစား သတင်းများ

ပရီမီယာလိဂ်ပွဲစဉ် (၃) အက်စ်တန်ဗီလာအသင်းက နယူးကာဆယ်ကိုအနိုင်ရ

ဩဂုတ် ၂၇ ရက်က ဘာမင်ဂမ်မြို့တွင် ကျင်းပသော **ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် နယူးကာဆယ်အသင်းမှ နောက်တန်းလူ တစ်တပ်စ်ဘရမ်ဘယ် (ယာ)နှင့် အက်စ်တန်ဗီလာအသင်းမှ ကွင်းလယ်ကစားသမား စတီဗ်ဒေးဗီးယက်စ်တို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။**(ဓာတ်ပုံ–အင်တာနက်)

ဘာမင်ဂမ် ဩဂုတ် ၂၇

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃)တွင် ပါဝင်သည့် အက်စ်တန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့ အင်္ဂလန်ဘာမင်ဂမ်မြို့ရှိ ဗီလာပါ့ခ်အားကစားကွင်းတွင် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားရာ အက်စ်တန်ဗီလာအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယခုပွဲတွင် အနိုင်ရရှိခြင်းသည် မန်နေဂျာသစ် မာတင်အိုနီးလ်၏ ဦးဆောင်မှုအောက်တွင် အက်စ်တန်ဗီလာအသင်း ဦးမော့လာခြင်းဖြစ်သည်။

အက်စ်တန်ဗီလာ အသင်းအတွက် ပွဲချိန် ၂ မိနစ်နှင့် ၃၇ မိနစ်တို့တွင် မိုရီနှင့် အင်ဂယ်လ်တို့က အသီးသီး သွင်းယူခဲ့သည်။

ပွဲစဉ်(၃) အခြားပွဲရလဒ်များ

(၂၆–၈–၂၀၀၆)

ချာလ်တန်	၂–၀	ဘော်လတန်
ဖူလ်ဟမ်	၁–၀	ရှက်ဖီး
လီဗာပူး	၂–၁	ဝက်စ်ဟမ်း
မန်စီးတီး	၁–၀	အာဆင်နယ်
စပါး	၀–၂	အဲဗာတန်
ဝက်ဒ်ဖို့	၁–၂	မန်ယူ
ဝီဂန်	၁–၀	ရီးဒင်း

အင်တာနက်။

လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်းနိုင်ခဲ့ပြီးနောက် အောင်ပွဲခံနေသူ ဖာနန်ဒိုမော်ရင်တေးအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လာလီဂါအဖွင့်ပွဲတွင် ဗလင်စီယာအနိုင်ရ

ဗလင်စီယာ ဩဂုတ် ၂၆

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ၏အဖွင့်ပွဲတွင် ဗလင်စီယာအသင်းက ရီးယဲလ်ဘက်တစ်အသင်းကို နှစ်ဂိုး–တစ်ဂိုး ဖြင့် အနိုင်ရရှိသည်။

စနေနေ့က မက်စ်တယ်လာ အားကစားကွင်း၌ ကျင်းပသည့် ယင်းပွဲတွင် ယခုနှစ် ဘောလုံးရာသီ၏ ပထမဆုံးသောဂိုးကို သွင်းယူနိုင်ရန် ၃၄ မိနစ်ကြာ အချိန်ယူ ကစားခဲ့ရသည်။

ပထမဆုံးသောဂိုးကို သွင်းယူသူမှာ ဘက်တစ်အသင်းသို့ ယခုနှစ်နွေရာသီက ပြောင်းရွှေ့လာခဲ့သူ တိုက်စစ်မှူး ဖာနန်ဒိုမော်ရင်တေးဖြစ်သည်။ မော်ရင်တေးသည် ရီးယဲလ်မဒရစ်အသင်း၊ မိုနာကိုအသင်းနှင့် လီဗာပူးအသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသော တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

အင်တာနက်။

ဩဂုတ် ၂၅ ရက်က စပိန်နိုင်ငံ ဆီဗီလာမြို့ရှိ မိုနာကိုကွင်း၌ ကျင်းပသော ဥရောပ စူပါဖလား ဘောလုံးပြိုင်ပွဲတွင် ဘာစီလိုနာအသင်းမှ ရော်နယ်လ်ဒင်ဟို(ဝဲ)နှင့် ဆီဗီလာအသင်းမှ ဒင်နီယယ်အယ်လ်ဗက်စ်တို့ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ရော်နယ်လ်ဒင်ဟို ဒဏ်ရာရ အဖွင့်ပွဲတွင် မပါဝင်နိုင်

ဘာစီလိုနာ ဩဂုတ် ၂၇

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ နှစ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုရ ရော်နယ်လ်ဒင်ဟိုသည် စပိန်ချန်ပီယံဆုဖလားကို ကာကွယ်မည့် ပထမဆုံး ဘောလုံးပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ဘာစီလိုနာအသင်း၏နည်းပြ ဖရန့်ခ်ရစ်ကတ်က ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ဘရာဇီးလူမျိုး ဘောလုံးစတား ရော်နယ်လ်ဒင်ဟိုသည် သောကြာနေ့က ကျင်းပသော ဥရောပစူပါဖလား ဘောလုံးပြိုင်ပွဲတွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် ဘောလုံးရာသီ အဖွင့်ပွဲစဉ်အရ တနင်္လာနေ့တွင် ဆယ်လ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်တာနက်။

ယူကရိန်းနည်းပြ ကွယ်လွန်

ဒနီပရိုဗီထရိုဗက် ဩဂုတ် ၂၇

ယူကရိန်း ပထမတန်းဘောလုံးပြိုင်ပွဲမှ ဒနီပရိုဗီထရိုဗက်အသင်း၏ နည်းပြအဖြစ် အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့သူ ယီဂျင်နီကူချာရီဗက်စကီးသည် မော်တော်ယာဉ်မတော်တဆမှုဖြင့် စနေနေ့က ကွယ်လွန်သွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ ကူချာရီဗက်စကီးသည် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့၌ ဘောလုံးနည်းပြအဖြစ် အသင်းများတွင် တာဝန်ထမ်းရွက်ခဲ့သည်။ ၎င်းသည် ၁၉၉၀ပြည့်လွန်နှစ်များအတွင်း ရုရှား အိုလံပစ်အသင်းကို ဦးဆောင်ခဲ့သည်။ ***အင်တာနက်။***

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E) နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏ (၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏ (၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ဓာတ်အားခ ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။

၃။ လ၏ (၁၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း မီတာဖတ်စာရေးများက ကျသင့်ဓာတ်အားခ ငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခ ငွေတောင်းခံလွှာများ စတင်ဝေသည့် ရက်မှစ၍ ငွေတောင်းခံလွှာတွင် ပါရှိသော နောက်ဆုံးပေးဆောင်ရန် သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံ ကောင်တာများတွင် အမြန်လာရောက်ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခ ငွေတောင်းခံလွှာများ (၅)ကြိမ်ဝေမည့် ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံး ပေးဆောင်ရမည့်ရက်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာများ ဝေမည့်ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင်ရမည့်ရက် (မှ)	နောက်ဆုံးပေးဆောင်ရမည့်ရက် (ထိ)	
၁။	၁၁–ရက်	၁၆ရာခိုင်နှုန်း	၁၁–ရက်	၁၇–ရက်	၇–ရက်
၂။	၁၂–ရက်	၁၈ရာခိုင်နှုန်း	၁၂–ရက်	၁၉–ရက်	၈–ရက်
၃။	၁၃–ရက်	၂၀ရာခိုင်နှုန်း	၁၃–ရက်	၂၁–ရက်	၉–ရက်
၄။	၁၄–ရက်	၂၂ရာခိုင်နှုန်း	၁၄–ရက်	၂၃–ရက်	၁၀–ရက်
၅။	၁၅–ရက်	၂၄ရာခိုင်နှုန်း	၁၅–ရက်	၂၅–ရက်	၁၁–ရက်

၆။ ငွေသွင်းရန် သတ်မှတ်ထားသည့် ၁၁ရက်မှ ၂၅ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှု ခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏ ၁ရက်နေ့မှ ၅ရက်နေ့အတွင်း မီတာများအလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်နေ့မှ၁၅ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါဆောင်ရွက်ချက်များကို ဩဂုတ်လသုံးစွဲသော မီတာအား စက်တင်ဘာလ(၁)ရက်နေ့တွင် စတင် ဖတ်ခြင်းမှ ပြုလုပ်သွားမည်ဖြစ်ပြီး နောက်လစဉ် အထက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့.



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ ဖခင်ကြီး(ဦးစိန်ကျော်)အားရည်စူး၍ မိခင်ကြီး ဒေါ်တင်ညွန့်၊ သား၊ သမီး၊ မြေးတစ်စုနှင့် မွေးနေ့အလှူအဖြစ် ဦးဇော်ဝင်းခိုင်–ဒေါ်သင်းသင်း၊ သမီး မအေးမြတ်ခိုင် မိသားစုက အလှူတော်ငွေကျပ် ၁၅၅၅၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဇာနည် (၁၅)လမ်းနေ ဦးစိုးမြင့်–ဒေါ်ညွန့်ကြည်၊ သမီး မသင်းစိုးကြည် (ပြည့်စုံအထည်ဆိုင်) မိသားစုက ငွေကျပ်နှစ်သိန်း၊ ဒေါ်ခင်မေအားရည်စူး၍ ဦးလှရီမိသားစု (ကေကေခိုင်ဇာဘော်လီဆိုင်)က ငွေကျပ် သုံးသောင်း စုစုပေါင်းအလှူငွေကျပ် ၂၃၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများ ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးတို့က ပူးပေါင်းစီစဉ်ကျင်းပသည့် အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower **၌ ကျင်းပသည်။**

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Wyoso Prodjowarsito က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက ဖဲကြိုးဖြတ်၍ အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများ ပြပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် Indonesian International School, Yangonမှ ကျောင်းသူကလေးများကအင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့်တင်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ သံအမတ်ကြီးများနှင့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ တက်ရောက်ကြသူများသည်အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများ ပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ပြပွဲတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံမှ အထည်အလိပ်နှင့် အဝတ်အထည်ပစ္စည်းများ၊လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ စားသောက်ကုန်ပစ္စည်းများ၊ ကြိမ်နှင့်ပရိဘောဂ ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊အလှကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးကျန်းမာရေးဆိုင်ရာ ပစ္စည်းများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းဆိုင်ရာ ပြခန်းတို့ကို ပြသထားသည်။ ယင်းပြပွဲကို ဩဂုတ် ၂၈ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၄)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွားဆောင်းပါး "ကင်မ်ချီစားကြမလား"၊ ထမံသီရေလှောင်တမံကိုကျော်၍ သင်္ဘောကြီးများ သွားလာနိုင်ရန် Navigation Lockစနစ်ထည့်သွင်းတည်ဆောက်မည်၊ နေပြည်တော်နှင့် ရန်ကုန်အွန်လိုင်းစနစ်ဖြင့် ငွေလွှဲနိုင်ပြီ၊ မလေးရှားနိုင်ငံအခြေစိုက် အာရှပစိဖိတ်ရုပ်သံဖွံ့ဖြိုးရေးသိပ္ပံ၌ အိုင်တီပရိုဂရမ်မန်နေဂျာရာထူးလစ်လပ်၊ မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်စသည့် မျက်မှောက်ရေးရာ ပြည်တွင်းသတင်းစုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

'ပရော်ဖက်ရှင်နယ်စိတ်ဓာတ်' အားကစားဆောင်းပါးနှင့်အတူ အိပ်ချ်အိုင်ဗွီတက်သုတ် ဆေးစစ်နည်းအခြေအနေအမှန်ကို အမြန်သိစေနိုင်၊ ရော့ခ်ဘုရင် ပရက်စလေ အမှန်တကယ်ကွယ်လွန်ခြင်းလား ရှောင်ပုန်းခြင်းလားဖော်နိုင်သူ ဒေါ်လာသုံးသန်းရနိုင်၊ သုဝဏ္ဏဘူမိလေဆိပ်ဖွင့်လှစ်ရန် အသင့်စသည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး၊ သုံးသပ်ချက်ဆောင်းပါးများနှင့် ဖျော်ဖြေရေးကဏ္ဍ ဝေဝေဆာဆာဖြင့် e-Empire Media Houseမှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က–ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇–၈–၂၀၀၆

တောင်ငူ	၆ ဒသမ ၇၇ လက်မ
မော်လမြိုင်	၆ ဒသမ ၃၀ လက်မ
ထားဝယ်	၄ ဒသမ ၇၃ လက်မ
ဘားအံ	၄ ဒသမ ၀၉ လက်မ
ရေး	၃ ဒသမ ၈၂ လက်မ
ရွှေကျင်	၃ ဒသမ ၁၅ လက်မ
သထုံ	၂ ဒသမ ၈၀ လက်မ
ပျဉ်းမနား	၁ ဒသမ ၀၂ လက်မ
ကျောက်ဆည်	၀ ဒသမ ၆၃ လက်မ

ကြီးတော် ဒေါ်အေးခင်နှင့် မိဘနှစ်ပါးဖြစ်သော ဦးချစ်မောင်–ဒေါ်ညိမ်းရင်တို့အားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၅ လမ်းနေ ဒေါ်တင်တင် မောင်နှမတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောင်းကျန်းမာရေးလှုပ်ရှားမှု အစီအစဉ်အရ ဩဂုတ် ၁၉ ရက်က တာမွေမြို့နယ် အမက (၂၂) တွင် ဦးမိုးဇော်လွင်–ဒေါ်ဝင်းဝင်းမာ တို့၏ သား မောင်မြတ်ဒီပါကိုကို (ပထမတန်း) က ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ပညာရေး)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဖိုးရာဇာလမ်းနှင့် စိန်ရတနာလမ်းထောင့်ရှိ မဟာအောင်မြေ ရိပ်သာကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည့်ရှုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၄တိုက်မှ ပဓာနနာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်တစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပျဉ်းမနားမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် ပြည်သူများ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၇

ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်္ဂလာဗေယျံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက် ကြည့်ရှုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်မှူးနှင့် ပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်္ဂလာဗေယျံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

မာဒေးကားဘောလုံးပြိုင်ပွဲ မြန်မာက မလေးရှားကို အနိုင်ရ မြန်မာနှင့် အင်ဒိုနီးရှား ဩဂုတ် ၂၉ ရက်တွင် ဗိုလ်လုမည်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၆ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ၈ နာရီ ၄၅ မိနစ်တွင် မလေးရှားနိုင်ငံ Shahalam Stadium ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အိမ်ရှင် မလေးရှားလက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းက မလေးရှားလက်ရွေးစင်ဘောလုံးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး အုပ်စုပထမဖြင့် နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ထို့အတူ အင်ဒိုနီးရှားကလည်း ထိုင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ပထမပိုင်း ၁၇မိနစ်တွင် မလေးရှားလက်ရွေးစင်အသင်းက ပင်နယ်တီမှ တစ်ဆင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် ဂိုးများကို ၅၂မိနစ်တွင် ကျော်သူရက ချေပဂိုးကိုလည်းကောင်း၊ ၆၁မိနစ်တွင် စိုးမြတ်မင်းက အနိုင်ဂိုးကို လည်းကောင်း သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲနိုင် ငါးမှတ်၊ အင်ဒိုနီးရှား လက်ရွေးစင်အသင်းကလည်း သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲနိုင် ငါးမှတ်ရရှိသော်လည်း သွင်းဂိုးအနည်းအများအရ မြန်မာက အုပ်စု ပထမ၊ အင်ဒိုနီးရှားက အုပ်စုဒုတိယဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည်။ မြန်မာက စုစုပေါင်း လေးဂိုးသွင်းပြီး သုံးဂိုးပေးရသည်။ အင်ဒိုနီးရှားက စုစုပေါင်း နှစ်ဂိုးသွင်းပြီး တစ်ဂိုးပေးရသည်။ ဂိုးကွာခြားချက်ချင်းတူသော်လည်း မြန်မာက သွင်းဂိုးအရေအတွက်များ၍ အုပ်စုပထမရခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ၁၉၇၅ခုနှစ်တွင် တတိယရရှိခဲ့ပြီးနောက် နှစ်ပေါင်း ၃၀အတွင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၂၉ ရက် ဒေသစံတော်ချိန် ၈ နာရီ ၄၅ မိနစ်တွင် ဗိုလ်လုပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ

(၂၇–၈–၂၀၀၆)

အက်စ်တန်ဗီလာ	–	၂ ဂိုး
နယူးကာဆယ်	–	ဂိုးမရှိ
ချယ်လ်ဆီး	–	၂ ဂိုး
ဘလက်ဘန်း	–	ဂိုးမရှိ

(ကြေးမုံ)

ခေါင်းကြီးဆောင်းပါးအညွှန်း

* *တောင်သူလယ်သမားများက တစ်ဧက တင်း တစ်ရာကျော်ထွက်ရှိသည့် ဆင်းသွယ်လတ် စပါးမျိုး အပါအဝင် အထွက်ကောင်းမျိုးများ အသုံးပြုစိုက်ပျိုးလျက်ရှိကြရာ မိုးစပါး စိုက်ဧက ၁၅ သန်းတွင် ၆၁ ရာခိုင်နှုန်းမှာ မျိုးပြောင်းလဲ စိုက်ပျိုးထားပြီးဖြစ်ကြောင်းသိရသည်။*
(ခေါင်းကြီး) စာမျက်နှာ–၂

* *ဘေးဘိုးအစဉ်အဆက်က ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မိမိနှင့်တကွ နောင်လာနောက်သားများလက်ထက်တွင်လည်း ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိပါသည်။ သို့မှသာ အမျိုးသား ယဉ်ကျေးမှု အစွန့်ရှည် တည်တံ့နိုင်ပါမည်။ ထိန်းသိမ်းမှုအပြင် တိုးတက်အောင် တီထွင် ကြံဆဖို့လည်း လိုအပ်ပါသည်။*
မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **"မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ယူဖွယ်ရာ အမြင့်သဘင်ပွဲကြီး"** (ဆောင်းပါး) စာမျက်နှာ–၆